# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၀)


# မြောက်ဦးတွင် ဖြစ်ပွားခဲ့သော လူစုလူဝေးဖြင့် အကြမ်းဖက်မှုကြောင့် သေဆုံးဒဏ်ရာရရှိမှုများအတွက် ဝမ်းနည်းဖြစ်စဉ်၊ ဖြစ်ရပ်အမှန်ကို အမြန်ဆုံးဖော်ထုတ်ပြီး ဥပဒေချိုးဖောက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အလေးထားဆောင်ရွက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်း၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## မြောက်ဦးမြို့၌ လူစုလူဝေးဖြစ်ပေါ်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားမှုကြောင့် ခုနစ်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိ

## ရသေ့တောင်မြို့နယ် စာပေဟောပြောပွဲတွင် ဟောပြောသူ ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင် တို့နှစ်ဦးအား ရသေ့တောင်မြို့နယ် ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်

သတင်း၊ စာမျက်နှာ -၄




မြန်မာ့အလင်း

# အလုပ်ဖြင့် သက်သေပြနေသည့် အပြုသဘော ဖြစ်ပေါ်တိုးတက်မှုများ

နှစ်နိုင်ငံတာဝန်ရှိပုဂ္ဂိုလ်တို့၏ ညှိနှိုင်းဆွေးနွေးမှုအရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးကို စတင်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ နှစ်နိုင်ငံတာဝန်ရှိပုဂ္ဂိုလ်တို့၏ ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်ကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့၌ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မူဘောင်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ဤမူဘောင်အရ လက်မှတ်ရေးထိုးပြီး နှစ်လအတွင်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တို့ကို စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့သော မူဘောင်သဘောတူညီချက်အရ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ နှစ်နိုင်ငံအဆင့်မြင့်အရာရှိများ အစည်းအဝေးကို ပြုလုပ်ခဲ့ပါသည်။ ဤအစည်းအဝေးက ပြန်လည်လက်ခံရာ၌ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း (Term of Reference) ကို နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းကို အခြေခံ၍ နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးမှုကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့၌ မြေပြင်မှာ အမှန်တကယ်လက်ခံရေးဆိုင်ရာအဆင့်များကို နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တို့ကို စတင်ဆောင်ရွက်နိုင်တော့မည် ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်ပြီး ပုဂ္ဂိုလ် ၇၀၀ ကျော် လက်ခံရေးကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ရာ၌ ကုန်းလမ်းမှ လာရောက်မည့် ပုဂ္ဂိုလ်တို့ကို တောင်ပြိုလက်ဝဲစခန်း၌ လက်ခံမည်ဖြစ်ပြီး ရေကြောင်းမှ လာရောက်မည့် ပုဂ္ဂိုလ်တို့ကို ငါးခူရစခန်း၌ လက်ခံမည် ဖြစ်ပါသည်။ အဆိုပါ စခန်းနှစ်ခုမှ လက်ခံထားသည့် ပုဂ္ဂိုလ်တို့ကို လှဖိုးခေါင်စခန်း၌ နေရာချထားပေးသွားမည် ဖြစ်ပါသည်။ အဆိုပါ လှဖိုးခေါင်စခန်း၌ အဆောက်အအုံများအပါအဝင် ကျေးရွာတို့ကို ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ ဆောက်လုပ်နေပြီ ဖြစ်ပါသည်။ နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လည်လက်ခံရေးလုပ်ငန်းတို့ကို တစ်ပတ်လျှင် ငါးရက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စခန်းတစ်ခုလျှင် တစ်ရက် လူ ၁၅၀ လက်ခံ သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စခန်းနှစ်ခုမှ တစ်ပတ်လျှင် လူ ၁၅၀၀ ကို စိစစ်လက်ခံသွားမည် ဖြစ်ပါသည်။

ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကို နှစ်နိုင်ငံတာဝန်ရှိပုဂ္ဂိုလ်တို့က အကျေအလည် ညှိနှိုင်းဆွေးနွေးပြီးဖြစ်သော်လည်း အဆိုပါလုပ်ငန်းစဉ်တို့ကို ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့တို့က ဖျက်ဆီးဟန့်တားရန် စီစဉ်ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။ နိုင်ငံတော်၏ တာဝန်ရှိ ပုဂ္ဂိုလ်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တာဝန်ရှိပုဂ္ဂိုလ်တို့ထံ ARSA အစွန်းရောက် အကြမ်းဖက်သမားတို့ကို ပြန်လည်လွှဲအပ်ပေးရန် နှစ်နိုင်ငံလက်မှတ်ရေးထိုးထားသော ၁၉၈၀ ပြည့်နှစ် နယ်နိမိတ်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်နှင့်အညီ တောင်းဆိုထားပြီး ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း ARSA အကြမ်းဖက်သမား ၁၀၀၀ ကျော်၏ စာရင်းနှင့် အချက်အလက်ဓာတ်ပုံတို့ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံထံ ပေးအပ်ပြီး ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နှစ်နိုင်ငံတပ်ဖွဲ့များ ပူးပေါင်းကင်းလှည့်ဆောင်ရွက်မှုများ ပြုလုပ်ရန် သဘောတူထားသကဲ့သို့ ဘင်္ဂလားဒေ့ရှ်မြေပေါ်၌ အကြမ်းဖက်သမားတို့အခြေချနေထိုင်ခြင်း မရှိစေရန် တာဝန်ယူဆောင်ရွက်ရေးကိုလည်း ကတိပြုပြောကြားထားပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေးကို မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ကျယ်ကျယ်ပြန့်ပြန့် အကျေအလည် ညှိနှိုင်းသဘောတူပြီး ဖြစ်ပါသည်။ သို့သော် နိုင်ငံတကာ မျက်နှာစာရှိ တချို့သော မျက်မှန်စိမ်းတပ်ထားသူတို့က မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုတို့ကို မသိသကဲ့သို့ (သို့မဟုတ်) အားမလိုအားမရ သကဲ့သို့ ပြုမူပြောဆိုနေကြခြင်းသည် ကယောင်ချောက်ချားလုပ်ရပ်တို့သာဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# လေယာဉ်ကွင်းငယ် တည်ဆောက်မည့်နေရာနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**ထန်တလန် ဇန်နဝါရီ ၁၇**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်က ထန်တလန်မြို့၌ လေယာဉ်ကွင်းငယ်တည်ဆောက်မည့်နေရာနှင့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ချင်းပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗွေချိပ်(စ့်)တောင် လေယာဉ်ကွင်းငယ်တည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုရာ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက ရှင်းလင်းပြသသည်။

ထို့နောက် ထန်တလန်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းဦးစီးဌာန၏ ဧည့်ရိပ်သာဆောက်လုပ်ပြီးစီးမှုကိုလည်းကောင်း၊ ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုကိုလည်းကောင်း၊ ရှုခင်းသာ ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*ထင်သာမြင်သာ ပြုပြင်စရာ*

# တိမ်းစောင်းနေသော ဓာတ်တိုင်အား တည့်မတ်ပေးစေလို

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်ရှိ လိုင်းပေါင်းစုံကားဝင်းဟောင်း အရှေ့ဘက်အခြမ်းရှိ ဓာတ်တိုင်မှာ တိမ်းစောင်းနေသဖြင့် ခရီးသွားပြည်သူများအတွက် အန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အတွက် ဓာတ်တိုင်အား တည့်မတ်ပေးပါရန် ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။



အဆိုပါ ကားဝင်းဟောင်းမှာ မိတ္ထီလာမြို့မှ အနယ်နယ်အရပ်ရပ်သို့ လိုင်းပေါင်းစုံ ပြေးဆွဲနေပြီး ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းတည်ရှိနေဆဲဖြစ်သည်။

ထို့အပြင်အောင်ဇေယျာရပ်တွင် ကားဝင်း အသစ်အဖြစ် ပြောင်းရွှေ့စီစဉ်ဆောင်ရွက်နေသော်လည်း လက်ရှိအချိန်တွင် အနယ်နယ်အရပ်ရပ်သို့ လိုင်းကားများ ပြေးဆွဲလျက်ရှိနေဆဲပင် ဖြစ်ကြောင်း သိရသည်။

ထိုဓာတ်တိုင်မှာ များစွာတိမ်းစောင်းနေသဖြင့် ပြိုလဲကျမည့်ပုံစံအထိရှိနေပြီး လက်ရှိအချိန်တွင် ထိုဓာတ်တိုင်အနီး၌ ဈေးဆိုင်ခန်းနှင့် အဝေးပြေးကားများ ရပ်တန့်ထားခြင်းများလည်း ရှိနေသဖြင့် သက်ဆိုင်ရာမှ ပြုပြင်တည့်မတ်ပေးစေရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# သာသနဝိပုလပရိယတ္တိ စာသင်တိုက်ငွေရတုသဘင်ကျင်းပ

**နမ့်ခမ်း ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့ သာသနဝိပုလပရိယတ္တိစာသင်တိုက် (၂၅) နှစ်ပြည့် ငွေရတုပွဲတော်ကို စာသင်တိုက်တွင် ဇန်နဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာနိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယက ဆရာတော်များအပါအဝင် သံဃာတော်အပါး ၅၀၀ ပင့်ဖိတ်၍ လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရေစက်ချအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ပြည်နယ်သာသနာရေးမှူး ဦးသိန်းဝင်းက သာသနာတော်ဆိုင်ရာ လျှောက်ထားလွှာကို ဖတ်ကြားပြီး ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ သောဘန (ရွှေမင်းဝံ) ထံမှ ရေစက်ချ တရားနာယူပြီး ငွေရတုသဘင်ပွဲတော်ကို ကျင်းပခဲ့သည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၂ ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ ·၅ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၉ ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာ-တရုတ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခုန်ရွှယ်ယို့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ-တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂)အဆင့်မြင့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခုန်ရွှယ်ယို့နှင့် တရုတ်ဗဟို စစ်ကော်မရှင် ဒုတိယညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ရှောင်ရွှမ်မင်တို့အား ယနေ့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာ-တရုတ်နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သော အကူအညီများ ဆက်လက်ပေးအပ်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများတွင် နှစ်ဖက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဖင်လန်သံရုံး၌ ကျင်းပသည့် ဖင်လန်နိုင်ငံ သမ္မတရွေးကောက်ပွဲ ကြိုတင်ဆန္ဒမဲပေးခြင်းလေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရန်ကုန်မြို့ လှိုင်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံရုံး၌ ကျင်းပသည့် ဖင်လန်နိုင်ငံ သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်၊ အတွင်းရေးမှူး ဦးတင်မောင်အေးတို့နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီက သွားရောက်လေ့လာခဲ့ရာ ဖင်လန်နိုင်ငံ သမ္မတရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များနှင့် မဲဆန္ဒရှင်စာရင်းဆိုင်ရာ ကိစ္စရပ်များကို ဖင်လန်နိုင်ငံသံအမတ်ကြီး H.E. Ms. Riikka Laatu နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သံရုံး၌ ကျင်းပသည့် ဖင်လန်နိုင်ငံသမ္မတ ရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်းကို လေ့လာကြည့်ရှုစဉ်။** သတင်းစဉ်

# နိုင်ငံတကာ အထောက်အကူပြုအဖွဲ့အစည်းများ၊ CSO များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E.Ms.Vanessa Chan Yuen Ying နှင့် အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌရုံး ညှိနှိုင်းမဆောင်၌ တွေ့ဆုံသည်။ (ဝဲပုံ)



တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ရွေးကောက်ပွဲများ အကြောင်းနှင့် နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ကြိုတင်ပြင်ဆင်နေမှု၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ နိုင်ငံတကာ အထောက်အကူပြု အဖွဲ့အစည်းများ၊ CSO များနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေ၊ မဲဆန္ဒရှင် အသိပညာပေးခြင်းနှင့် စင်ကာပူနိုင်ငံအနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ကူညီပေးနိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ စည်းကမ်းတကျဖြစ်စေရန် ယာဉ်ရပ်နားဝင်းများ ဆောက်လုပ်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့လမ်းများပေါ်တွင် မော်တော်ယာဉ်များ စည်းကမ်းမဲ့ရပ်နားခြင်းကို အဆုံးသတ်ရန်အတွက် ရန်ကုန်မြို့ နေရာအတော်များများတွင် ယာဉ်ရပ်နားဝင်းများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာကျော်က ပြောသည်။

"ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးမှာ YBS ဒုတိယနှစ်မှာတော့ ဘာလုပ်မလဲဆိုရင် ယာဉ်တွေ လမ်းတွေပေါ်မှာသွားနေရုံမကဘူး၊ ယာဉ်တွေ ညအိပ်ရပ်နားထားတဲ့ကိစ္စတွေ၊ ယာဉ်တစ်စီးကနေတစ်စီး ချိတ်ဆက်ပြီး ပြောင်းစီးတဲ့ကိစ္စတွေ ဒါတွေအားလုံးကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်၊ ယာဉ်တွေ ညအိပ်ရပ်နားတဲ့အခါမှာ ညအိပ်ရပ်နားစရာ နေရာမရှိလို့ လူအများပိုင်ကားလမ်းတွေပေါ်မှာ ရပ်နားရတဲ့အခါ ဒီကားတွေမှာ လုံခြုံမှုမရှိသလို အများပြည်သူတွေသွားလာရာမှာ အနှောင့်အယှက်ဖြစ်ရတဲ့အတွက် ကားဝင်းကြီးတွေ ဒီဒုတိယနှစ်ထဲမှာ ဆောက်လုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါ်နီလာကျော်က YBS နှစ်ပတ်လည်အခမ်းအနားတွင် ပြောသည်။

မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ် ၉၃၀၀၀၀ ရှိသည့်အနက် ၅၃၀၀၀၀ မှာ ရန်ကုန်မြို့တွင် မောင်းနှင်လျက်ရှိကြောင်း၊ မော်တော်ယာဉ်များ စည်းကမ်းတကျဖြစ်စေရန် ယာဉ်ရပ်နားဝင်းများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**မြင့်မောင်**

**တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်**

**နေပြည်တော် ဇန်နဝါရီ ၁၇-** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

- လူစုလူဝေးဖြင့် အကြမ်းဖက်မှုကြောင့် ရခိုင်တိုင်းရင်းသားများ သေဆုံးမှု၊ ဒဏ်ရာရရှိမှုများနှင့် အတူ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ခြင်းအတွက် ဝမ်းနည်းမိ
- ဖြစ်စဉ်၊ ဖြစ်ရပ်အမှန်ကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး ဥပဒေချိုးဖောက်သူများကို ဥပဒေနှင့်အညီ အရေးယူ
- တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်

*ရွှေဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယမန်နေ့က မြောက်ဦးမြို့နယ်တွင် ဖြစ်ပွားခဲ့သော လူစုလူဝေးဖြင့် အကြမ်းဖက်မှုကြောင့် ရခိုင်တိုင်းရင်းသားများ သေဆုံးမှု၊ ဒဏ်ရာရရှိမှုများနှင့်အတူ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ခြင်းအတွက် ဝမ်းနည်းမိပါကြောင်း၊ ဖြစ်စဉ်၊ ဖြစ်ရပ်အမှန်ကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး ဥပဒေချိုးဖောက်သူများကို ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားရန်ဖြစ်ကြောင်းနှင့် တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်ရန်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

**ဆက်လက်ဆောင်ရွက်မည်**

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရဲချုပ် အောင်ဝင်းဦးတို့က ရခိုင်ပြည်နယ် ရသေ့တောင်နှင့် မြောက်ဦး တို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရသေ့တောင်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ စာရေးဆရာ ဝေဟင်အောင် အား ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ထားပြီး ဒေါက်တာ အေးမောင်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ် ကြောင်း ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက လူစုလူဝေးနှင့် လုံခြုံရေးအစီအစဉ်များစီမံခြင်း နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဆောင်ရွက်မည့်အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သတင်းထုတ်ပြန်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုတင်စီမံဆောင်ရွက်မည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြား ကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့နယ် စာပေဟောပြောပွဲတွင်ဟောပြောသူ ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့နှစ်ဦးအား ရသေ့တောင်မြို့နယ်ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၇

**ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်သည့် ရခိုင်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးခြင်း (၂၃၃)နှစ်မြောက် ဝမ်းနည်းဖွယ်အထိမ်းအမှတ် စာပေဟောပြောပွဲတွင် ဟောပြောသူဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့နှစ်ဦးအား ရသေ့တောင်မြို့နယ် ရဲစခန်းက မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ထားကြောင်း သိရှိရသည်။**

**ဟောပြောခဲ့**

အဆိုပါ စာပေဟောပြောပွဲကို ရသေ့တောင်မြို့ တောင်ရင်းတန်းရပ်ကွက် စေတီယင်္ဂဏကျောင်းတိုက် ဓမ္မာရုံတွင် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ ၁၅ မိနစ်အထိ မေယုရင်သွီးလူမှုကူညီရေးအသင်းက ဦးဆောင်၍ ကျင်းပခဲ့ခြင်း ဖြစ်ပြီး အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ ပါဝင်ဟောပြောခဲ့ကြသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာဝေဟင်အောင်(ခ) အောင်ကျော်ဝင်းက **"ရခိုင်ပြည်နယ် အချုပ်အခြာအာဏာကျဆုံးသွားသည်မှာ နှစ်ပေါင်း (၂၃၃) နှစ် ရှိခဲ့ပြီး လူမျိုးဆက် (၅) ဆက်ခန့် ကင်းကွာခဲ့ကြောင်း၊ နိုင်ငံရေးတွင် လက်ဝါးဖြန့်တောင်း၍ မရသောကြောင့် လက်ညှိုးကွေးပြီး တောင်းသည့်အဖွဲ့ပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း၊ ယခုအချိန်တွင် ထွန်းမြတ်နိုင် ဦးဆောင်သော AA တပ်မတော်သည်လည်း ရခိုင် နိုင်ငံတော်နှင့် အချုပ်အခြာ ပြန်လည်ရရှိရေး၊ ဗမာ့ကျွန်အဖြစ်မှ လွတ်မြောက်ရေး အတွက် လက်နက်ကိုင် တိုက်ပွဲဝင်လျက် ရှိကြောင်း၊ ရသေ့တောင် မြို့နယ်သူ မြို့နယ်သား များအနေဖြင့်လည်း ဗမာ့ကျွန်အဖြစ်မှ လွတ်မြောက်ရန် အားလုံးတွင် တာဝန်ရှိကြောင်း၊ ယခုအချိန်သည် နိုင်ငံရေးအကျပ်အတည်းဖြစ်နေသည့် အချိန်ကာလဖြစ်နေ၍ မိမိတို့ အတွက် အခွင့်အရေးသာနေသော အချိန်ဖြစ်ကြောင်း၊ ဗမာ့ကျွန်ဘဝမှ လွတ်မြောက် နိုင်ရေးနှင့် လွတ်လပ်ရေးရရှိရေးအတွက် တော်လှန်တိုက်ခိုက်ရန် အချိန်ကောင်း ဖြစ်ကြောင်း၊ အားလုံးပါဝင်ကြရန် လိုအပ်ကြောင်း"** စသည်ဖြင့် အကျယ်တဝင့် ဟောပြောခဲ့သည်။

ထို့နောက် ဒေါက်တာအေးမောင်ကလည်း **"ဗမာများအနေဖြင့် ရခိုင်လူမျိုးများကို ဗမာ့ကျွန်အဖြစ်လောက်သာထားရှိပြီး တန်းတူအခွင့်အရေးမပေးကြောင်း၊ အချုပ် အခြာအာဏာရရှိရေးအတွက် နည်းလမ်း ၂ ခုသာရှိကြောင်း၊ လက်နက်ကိုင် တော်လှန် ရေးနည်းနှင့် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များရှိကြောင်း၊ မိမိမှာ နောက်တစ်နည်းဖြစ် သော လူထုဗဟိုပြု နိုင်ငံရေးနည်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ နိုင်ငံရေး အားနည်းချက်ကို အခွင့်ကောင်းယူ၍ ပန်းတိုင်ရောက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ နောက်နှစ်များစွာရောက်တိုင်းမှာ အချုပ်အခြာအာဏာ ပြန်လည်ရယူလိုရေး စိတ်ဓာတ်မွေးရန်၊ လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုဗဟိုပြု နိုင်ငံရေးအားလုံး၏ ပန်းတိုင်သည် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ရေးသာ ဖြစ်ကြောင်း၊ လူထုကိုစည်းရုံးခြင်း၊ လက်နက်ကိုင် တော်လှန်ခြင်းတို့ ပြုလုပ်ပြီး အာဏာ ရယူရန် နည်းမျိုးစုံဖြင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဆင်နွှဲပြီး ရည်မှန်းချက် ပန်းတိုင်သို့ သွားနေခြင်းဖြစ်ကြောင်း၊ ယခုလိုဟောပြောပွဲများ ကျင်းပခြင်းဖြင့် တစ်မျိုးသားလုံးထားရှိသင့်သည့် ရည်မှန်းချက်ပန်းတိုင်ကိုသိရှိပြီး အမျိုးသားရေး တစ်ရပ်အနေဖြင့် ပါဝင်ကူညီဆောင်ရွက်ရန် လိုအပ်ကြောင်း"** ပြောကြားခဲ့သည်။

**အမှုဖွင့်**

ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင် (ခ) အောင်ကျော်ဝင်း တို့၏ ဟောပြောချက်များနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပသည့် ရခိုင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၈)မှ ၎င်းတို့နှစ်ဦးနှင့် အခင်းဖြစ် ကိစ္စရပ်တွင် ပါဝင်ကျူးလွန်သူတို့အား ငြိစွန်းသည့် ဥပဒေများအရ အမှုဖွင့် တရားစွဲဆိုသွားရန် ဆုံးဖြတ်ခဲ့ပြီး ရသေ့တောင်မြို့နယ် ရဲစခန်းက ဇန်နဝါရီ ၁၆ ရက် ညနေပိုင်းတွင် ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်တို့နှစ်ဦးအား မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇ (၁) ဖြင့် အမှုဖွင့်ခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် ဝေဟင်အောင်(ခ)အောင်ကျော်ဝင်းအား စစ်တွေမြို့နယ်ရဲစခန်းအချုပ်၌ အမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

> **"ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်(ခ)အောင်ကျော်ဝင်းတို့၏ ဟောပြောချက်များနှင့် ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၈)မှ ၎င်းတို့နှစ်ဦးနှင့် အခင်းဖြစ်ကိစ္စရပ်တွင် ပါဝင်ကျူးလွန်သူတို့အား ငြိစွန်းသည့် ဥပဒေများအရ အမှုဖွင့် တရားစွဲဆိုသွားရန် ဆုံးဖြတ်"**

# မြောက်ဦးမြို့၌ လူစုလူဝေးဖြစ်ပေါ်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ရှုန်းရင်းဆန်ခတ် ဖြစ်ပွားမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

**ရခိုင်ပြည်နယ် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်ရှိ နန်းတော်ရာကုန်း၌ ရခိုင်ဘုရင့် နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးသည့် (၂၃၃) နှစ်မြောက် အထိမ်းအမှတ် စာပေဟောပြောပွဲ ပြုလုပ်ရန်ကိစ္စ နှင့် ပတ်သက်၍ တားမြစ်မှုအပေါ် မကျေနပ်သဖြင့် ဇန်နဝါရီ ၁၆ ရက် ညပိုင်းတွင် လူစုလူဝေးဖြစ်ပေါ်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် ရှုန်းရင်းဆန်ခတ်ဖြစ်ပွားရာမှ ခုနစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။**

**ဥပဒေနှင့်အညီ**

မြောက်ဦးမြို့ နန်းတော်ရာကုန်း၌ ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာကျဆုံးသည့် (၂၃၃) နှစ်မြောက် အခမ်း အနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ကြောင်း၊ သို့ရာတွင် ညနေပိုင်း မြောက်ဦးမြို့နယ် နန်းတော်ရာကုန်း၌ ပြုလုပ်မည့် ဟောပြောပွဲတွင် ဆင်အိုးကြီးကျောင်းတိုက် ဆရာ တော်နှင့် ဒေါက်တာအေးမောင်တို့ ဟောပြောမည့် ကိစ္စနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဇန်နဝါရီ ၁၅ ရက်နေ့ ရက်စွဲဖြင့် ဟောပြောပွဲ ပြုလုပ်မည့်နေရာ၊ အဆောက်အအုံတို့ကို စီမံခန့်ခွဲခွင့်ရှိသူ၏ ခွင့်ပြုချက် ရယူဆောင်ရွက်စေရန်၊ လိုက်နာ ဆောင်ရွက်ခြင်းမရှိက ဥပဒေနှင့်အညီ အရေးယူရန် အကြောင်း ကြားခဲ့ကြောင်း သိရှိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာနခွဲ) ကလည်း ဇန်နဝါရီ ၁၅ ရက်စွဲပါ စာဖြင့် နန်းတော်ရာကုန်းပေါ်တွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ ကျင်းပနေမှုအား ခွင့်မပြုနိုင်ပါကြောင်းနှင့် အခမ်းအနား မပြုလုပ်ရန် ညှိနှိုင်းမေတ္တာရပ်ခံကြောင်း အခမ်း အနား ကျင်းပရေးကော်မတီသို့ ကြိုတင်အကြောင်းကြားခဲ့ ကြောင်း သိရသည်။

**စုဝေးအော်ဟစ်**

ဇန်နဝါရီ ၁၆ ရက် ဟောပြောပွဲပြုလုပ်မည့်အချိန် ညနေ ၆ နာရီခွဲခန့်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဟောပြောခြင်းအား ခွင့်မပြုကြောင်း တားမြစ်ခဲ့ရာ ဟောပြောပွဲ ကျင်းပရေးအဖွဲ့က အခမ်းအနားတွင် ထွန်းညှိထားသောမီး ဖြတ်တောက်ခဲ့သဖြင့် ဟောပြောပွဲလာရောက်သူ ပရိသတ် ၄၀၀ ဦးခန့်မှ စတင် စုဝေးအော်ဟစ်မှုများ ဖြစ်ပွားခဲ့ကြောင်း။

ည ၇ နာရီခန့်တွင် မြောက်ဦးမြို့သူ မြို့သား အင်အား ၄၀၀ ဦး ခန့် စုဝေးရောက်ရှိလာပြီး စာပေဟောပြောပွဲ ပြန်လည်ကျင်းပ ခွင့်ရရှိရေး အော်ဟစ်ကြွေးကြော်ကာ ကုန်သည်တန်းလမ်းမှ တစ်ဆင့် နန်းတော်ရာကုန်းသို့ ရောက်ရှိလာခဲ့ကြကြောင်း။

ည ၈ နာရီခွဲခန့်တွင် နန်းတော်ရာကုန်း၌ လူအင်အား ၅၀၀၀ ခန့် စုဝေးရောက်ရှိလာခဲ့ကြပြီး ရန်ကုန်-စစ်တွေကားလမ်းအတိုင်း **"ရခိုင်ပြည်နယ်လွတ်မြောက်ရေး ဒို့အရေး"**ဟု အော်ဟစ် ကြွေးကြော်၍ ခရိုင်ရုံး တည်ရှိရာသို့ လမ်းလျှောက် ဆူပူဆန္ဒပြ မှုများ ပြုလုပ်ခဲ့ရာ ည ၉ နာရီကျော်တွင် အင်အား ၁၀၀၀၀ ခန့် ဖြစ်လာခဲ့ကြောင်း။

> **"မြောက်ဦးမြို့ဖြစ်စဉ်တွင် လူစုလူဝေးအား ရဲတပ်ဖွဲ့က တားဆီးလူစုခွဲရာ၌ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အဝင်တံခါး ဖျက်ချိုးဝင်ရောက်လာပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခရိုင်ရုံးဝင်းအတွင်း လူစုလူဝေးမှာ အရေအတွက် ၄၀၀၀ ခန့်အထိ များပြားလာပြီး ထိန်းသိမ်းရသည့် ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၃၀ ဦးခန့်သာ ရှိခဲ့ကြောင်း၊ ဦးဆောင်လှုံ့ဆော်သူများနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်"**

**ရိုက်ချိုးဖျက်ဆီး**

ထိုသို့ လူစုလူဝေး ဖြစ်လာခဲ့ခြင်းကြောင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ဥပဒေ အရာရှိတို့သည် လူစုခွဲရန် Hand Speaker များဖြင့် ၁၅ ကြိမ်ခန့် သတိပေးတားမြစ်ခဲ့ရကြောင်း၊ ထိုသို့ သတိပေးတားမြစ်နေချိန်တွင် လုံခြုံရေးတာဝန်ယူထား သော ရဲတပ်ဖွဲ့ဝင် ၂ ဦးထံမှ သေနတ်အား လုယူရန် ကြိုးစား ခြင်း၊ လေးခွ၊ အုတ်ခဲကျိုး၊ ကျောက်ခဲများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအား ပစ်ပေါက်ဆဲဆို ရန်ပြုလာပြီးနောက် ခရိုင်အုပ်ချုပ် ရေးမှူးရုံးခြံဝင်းတံခါးအား ရိုက်ချိုးဖျက်ဆီးပြီး ခရိုင်ရုံးဝင်း အတွင်းသို့ လူစုလူဝေးများ ဝင်ရောက်လာခဲ့ကြောင်း။

**အဆိုပါ အော်ဟစ်ဆန္ဒပြခဲ့ကြသည့် လူစုလူဝေးထဲမှ အချို့ သည် ခရိုင်ရုံး နိုင်ငံတော်အလံတိုင်တွင် အသင့်ပါလာသည့် ရခိုင် ပြည်နယ်အလံကို လွှင့်ထူခဲ့ကြကြောင်း။**

*စာမျက်နှာ ၅ သို့*


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရှင်းလင်းတင်ပြစဉ်။

▲ *ကျောဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတက ယခုကျင်းပသည့် အစည်းအဝေးသည် ကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် အစည်းအဝေးများ၏ ဆုံးဖြတ်ချက် ၃၈ ချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ကော်မတီအနေဖြင့် အဆိုပါ ဆုံးဖြတ်ချက် ၃၈ ချက်တွင် ၃၅ ချက်ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ မပြီးပြတ်သေးသည့် ကျန် ၃ ချက်ကိုလည်း အမြန်ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံ၏စီးပွားရေး ဦးမော့လာမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ အခက်အခဲများအားလုံးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီများအနေဖြင့် အားသွန်ခွန်စိုက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြစေလိုပါကြောင်း။

**စီးပွားရေး တိုးတက်လာမည်**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍသည် ၉၀ ရာခိုင်နှုန်း ပါဝင်နေပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍသည် ၉၉ ရာခိုင်နှုန်းပါဝင်နေပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုအဖွဲ့၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် လုပ်ငန်းသုံးသပ်အစီရင်ခံရေးအဖွဲ့များ ဖွဲ့စည်း၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ ကဏ္ဍများ အောင်မြင်မှသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန် တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်၍ တွေ့ဆုံဆွေးနွေးခဲ့ရာ (၁၃)ကြိမ်မြောက်အထိ တွေ့ဆုံခဲ့ပြီး အဆိုပါ တွေ့ဆုံပွဲများမှ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ တင်ပြချက်ပေါင်း ၂၀၉ ချက် ရှိပါကြောင်း၊ အဆိုပါ တင်ပြချက်များကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းကော်မတီ ၅ ရပ်သို့ ပေးပို့ခဲ့ပြီး ပြန်ကြားချက် ၂၀၉ ချက် ရရှိခဲ့ပါကြောင်း၊ အဆိုပါအချက်များ အားလုံးကိုလည်း ပြန်ကြားခဲ့ပြီးဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် လွယ်ကူမှု (Ease of Doing Business) အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် စတင်ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ အဆင့် ၁၈၂ ဖြစ်ပြီး ၂၀၁၈ ခုနှစ် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့သည့် Ease of Doing Business အစီရင်ခံစာ၌ မြန်မာနိုင်ငံသည် အဆင့် ၁၇၁ သို့ ရောက်ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ Ease of Doing Business အဆင့် တိုးတက်စေရန် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ Ease of Doing Business အဆင့် တိုးတက်လာစေရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ Ease of Doing Business Indicators အလိုက် ဆိုင်ရာအထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားရှိပါကြောင်း၊ Ease of Doing Business အဆင့် ပိုမိုတိုးတက်မှုရရှိရေးအတွက် အညွှန်းကိန်းတစ်ခုချင်း အလိုက် တာဝန်ယူ ဆောင်ရွက်ရမည့် အဖွဲ့ခေါင်းဆောင်များကလည်း အညွှန်းကိန်း တိုးတက်လာစေရန် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့်လည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ငွေကြေး ရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီနှင့် စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပါဝင်ဆောင်ရွက်**

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ၂၀၁၈ ခုနှစ် ပြည်တွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်မှု၊ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗီဇာရရှိနိုင်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဓာတ်အားသုံးစွဲနိုင်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာန၏ ပါဝင်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက တရားမဝင် ကုန်သွယ်မှုများ တားဆီးဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Doing Business အစီရင်ခံစာနှင့် ပတ်သက်၍ လက်ရှိအခြေအနေနှင့် မျှော်မှန်းချက်များကို ညွှန်းကိန်းနယ်ပယ်အလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိကြသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် စည်ပင်သာယာရေး ကော်မတီများ ကိုယ်စား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံးတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ကျန်လူစုလူဝေးသည် ခရိုင်အုပ်ချုပ်ရေးမှူးရုံးအတွင်း ဝင်ရောက်၍ ရုံးကုလားထိုင်များ၊ မှန်တံခါးများနှင့် သံဘယ်ရီဂိတ်၊ စစ်ဆေးရေးဂိတ် အကာအရံများ၊ စုပေါင်းရုံးမှ ဝရန်တာများ၊ မီးချောင်းများကို ရိုက်ချိုးဖျက်ဆီးခဲ့ပြီးနောက် ခရိုင်အရာရှိများ စီးနင်းအသုံးပြုသည့် မော်တော်ယာဉ် လေးစီးနှင့် ရုံးဝန်ထမ်းများ အသုံးပြုသည့် မော်တော်ဆိုင်ကယ် ငါးစီးတို့အား ထပ်မံရိုက်ချိုးဖျက်ဆီးခဲ့ကြကြောင်း သိရှိရသည်။ ထိုအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက တုတ်၊ ဒိုင်းများဖြင့် လူစုခွဲခဲ့သော်လည်း ဆက်လက်အကြမ်းဖက်မှုများ ပြုလုပ်လာသည့်အတွက် ခရိုင်စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ဘီအေ-၆၃ မောင်းပြန်ရိုင်ဖယ်ဖြင့် အချက် ၂၀ ခန့်၊ ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် အချက် ၄၀ ခန့် အပေါ်သို့ ထောင်၍ သတိပေး ပစ်ခတ်ခဲ့ရကြောင်း။

**အကြိမ်ကြိမ်သတိပေး**

ထိုသို့ ဥပဒေနှင့်အညီ တားဆီးခဲ့သော်လည်း အကြမ်းဖက်လာသည့် လူစုလူဝေးထဲမှ အချို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်ထားသည့် လက်နက်များအား လုယူရန် ကြိုးစားလာသဖြင့် တာဝန်ရှိသူများက ကျည်စစ်၊ ကျည်မှန်များဖြင့် ပစ်ခတ်ရမည်ဖြစ်ကြောင်း အကြိမ်ကြိမ်သတိပေးခဲ့ကြောင်း။

အကြိမ်ကြိမ် သတိပေးတားမြစ်နေချိန်အတွင်း အကြမ်းဖက်လာသည့် လူစုလူဝေးသည် ပိုမိုဆိုးရွားစွာ လုပ်ဆောင်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူစုလူဝေးအတွင်းသို့ တီ-၅၆ နှင့် ဘီအေ-၉၄ သေနတ်တို့ဖြင့် ၁၀ ချက်ခန့် ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း သိရှိရသည်။

**ထိခိုက်ဒဏ်ရာများရရှိ**

ထိုသို့ လူစုလူဝေးအား ရှင်းလင်းခဲ့မှုကြောင့် မြောက်ဦးမြို့ ဗန္ဓုလရပ်ကွက်နေ ညီပု (၃၃ နှစ်)ပါ အမျိုးသား ခုနစ်ဦး သေဆုံးခဲ့ကြောင်းနှင့် ဆင်ချဆိပ်ရွာနေ မောင်အောင်နိုင် (၁၉ နှစ်)ပါ အမျိုးသား ၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု သိရကြောင်း။

ည ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရရှိသူ ၁၂ ဦးတို့ကို တာဝန်ရှိသူများက မြောက်ဦး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။

**ဆေးဝါးကုသလျက်ရှိ**

ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဘုရားပေါ်ကျေးရွာနေ အောင်ဌေး (၁၉ နှစ်)ပါ အမျိုးသား ငါးဦးတို့ကို စစ်တွေဆေးရုံသို့ လွှဲပြောင်းကုသရန် ပို့ဆောင်ခဲ့ရကြောင်း၊ လူစုလူဝေးက ကျောက်ခဲများ၊ လေးခွများဖြင့် အကြမ်းဖက်ပစ်ခတ်မှုကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူး အပါအဝင် လုံခြုံရေး တပ်ဖွဲ့ဝင် ၂၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ယခုအချိန်ထိ မြောက်ဦးဆေးရုံ၌ ထိခိုက်ဒဏ်ရာရရှိသူ လေးဦးနှင့် စစ်တွေဆေးရုံ၌ ထိခိုက်ဒဏ်ရာရရှိသူ ရှစ်ဦး ဆေးဝါးကုသလျက်ရှိကြောင်း။

**ခုံရုံးဖွဲ့စည်းစစ်ဆေးသွားမည်**

မြောက်ဦးမြို့ ဖြစ်စဉ်တွင် လူစုလူဝေးအား ရဲတပ်ဖွဲ့က တားဆီးလူစုခွဲရာ၌ ခရိုင်အုပ်ချုပ်ရေးမှူးရုံး အဝင်တံခါး ဖျက်ချိုးဝင်ရောက်လာပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးရုံးဝင်း အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခရိုင်ရုံးဝင်းအတွင်း၌ လူစုလူဝေးမှာ အရေအတွက် ၄၀၀၀ ခန့်အထိ များပြားလာပြီး ထိန်းသိမ်းရသည့် ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၃၀ ခန့်သာ ရှိခဲ့ကြောင်း၊ ဦးဆောင်လှုံ့ဆော်သူများနှင့် ပါဝင်ပတ်သက်သူများကို ဆက်လက်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရပ်သား သေဆုံးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်းဖွင့်ထားပြီး ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များသည် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှု ရှိ၊ မရှိ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

နှစ်စဉ် ဇန်နဝါရီလ ဒုတိယပတ်နှင့် တတိယပတ်အတွင်း ဆောင်ရွက်ကြပြီး Wetlands International မှ ကောက်ယူရရှိသော ရေငှက်မျိုးစိတ်များနှင့် ယခု လေ့လာတွေ့ရှိသည့် မှတ်တမ်းတင်နိုင်သည့် ရေငှက်အကောင်အရေအတွက်အား စုပေါင်း မှတ်တမ်းတင်ကာ ရေငှက်များ အာရှနိုင်ငံများအတွင်း ပျံ့နှံ့နေထိုင်ကျက်စားမှုကို လေ့လာခြင်းဖြစ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအဖွဲ့ (BANCA)ထံမှ သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တွင် တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။ မိုးယွန်းကြီး အင်းကို ၁၉၈၈ ခုနှစ် ဧပြီ ၂၂ ရက်တွင် မိုးယွန်းကြီးအင်း ဘေးမဲ့တောအဖြစ် သတ်မှတ် ကြေညာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ရေတိမ်ဒေသ ထိန်းသိမ်းရေးအဖွဲ့အစည်း (Ramsar Convention)အဖွဲ့သို့ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီးနောက် မိုးယွန်းကြီးအင်း ဘေးမဲ့တောသည် အရေးကြီးထိန်းသိမ်းရမည့် ပထမဦးဆုံးရေတိမ်ဒေသ (Ramsar Site) အဖြစ် ၂၀၀၅ ခုနှစ် မတ်လမှစတင်၍ သတ်မှတ်ခံခဲ့ရသည့် နေရာတစ်ခု ဖြစ်သည်။

မိုးယွန်းကြီးအင်းဒေသသည် မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ လာရောက်ကျက်စားချိန်၌ အဓိကရောက်ရှိသော နေရာတစ်ခုဖြစ်သည်။ ထို့အပြင် ဆေးဖက်ဝင် အပင် Emergent macrophytes၊ Oxyza officinalis၊ Kaing grass အပါအဝင် သစ်ပင်အမျိုးပေါင်း ၂၀ ခန့်ရှိပြီး ထိုရေတိမ်ဒေသ အပင်များသည် ငှက်များအတွက် စားကျက်များ ဖြစ်ကြောင်း သိရသည်။ မိုးယွန်းကြီးအင်းအတွင်း ငှက်မျိုးစိတ် ၁၃၀၊ တွားသွားသတ္တဝါ အမျိုး ၂၀၊ ကုန်းနေ၊ ရေနေသတ္တဝါ ကိုးမျိုး၊ ငါးမျိုးစိတ် ၄၅ မျိုးနှင့် အင်းဆက် အမျိုး ၃၀ ကျက်စားနေထိုင်ကြကြောင်း သိရသည်။ အဆိုပါဒေသတွင် ရေပျော်ငှက်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဆောင်းခိုငှက်များနှင့် ရှားပါးမျိုးစိတ်များကို တွေ့ရှိနိုင်သဖြင့် လေ့လာလိုသူများ၊ လာရောက်ကြည့်ရှုအပန်းဖြေသူများနှင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

# ဖြူးငလျင်လှုပ်ပြီးနောက် ငလျင်ငယ်များ ထပ်မံလှုပ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**


ဇန်နဝါရီ ၁၂ ရက်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ဖြူးငလျင်လှုပ်ပြီးနောက် ငလျင်ငယ်များ ထပ်မံလှုပ်လျက်ရှိရာ ဇန်နဝါရီ ၁၇ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၁၃ မိနစ် ၂၇ စက္ကန့်က ကမ္ဘာ့အေးမြေလျင်စခန်းမှ မြောက်ဘက် ၁၀၂ မိုင်ခန့်အကွာ ဖြူးမြို့၏ အနောက်တောင်ဘက် ၁၉ မိုင်ခန့်အကွာတွင် အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ မြေငလျင်သည် မြောက်လတ္တီတွဒ် ၁၈ ဒသမ ၃၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၈ ဒီဂရီ မြေအောက်အနက် ၇ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း သိသည်။

အလားတူ ဇန်နဝါရီ ၁၆ ရက်က မြန်မာစံတော်ချိန် ၁၇ နာရီ ၅၃ မိနစ် ၀၀ စက္ကန့်က တမူးမြေလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၉ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း ဖောင်းပြင်မြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်အကွာတွင် အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်သွားကြောင်း၊ အဆိုပါ မြေလျင်သည် မြောက်လတ္တီတွဒ် ၂၄ ဒသမ ၇၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၀၇ ဒီဂရီ မြေအောက်အနက် ၁၀၅ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၂၂ မိနစ် စက္ကန့် ၂၀ က မန္တလေးမြေလျင်စခန်းမှ အရှေ့တောင်ဘက် ၂၂၅ မိုင်ခန့် အကွာ မြန်မာနိုင်ငံပြည်တွင်း ကျိုင်းတုံမြို့၏ အနောက်တောင်ဘက် ၃၈ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ ငလျင်ငယ်တစ်ခု လှုပ်သွားကြောင်း သိရသည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများ ဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၁၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခုန်ရှွယ်ယို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင် ရိပ်သာ ညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့မှုရလဒ်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုပြဿနာများအား မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်မှ ဖြေရှင်းဆောင်ရွက်ခဲ့မှုအပေါ် တရုတ်နိုင်ငံမှ ထောက်ခံရပ်တည်မှုအခြေအနေများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံသို့ချစ်ကြည်ရေးခရီးများရောက်ရှိစဉ် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင် အပါအဝင် တရုတ်နိုင်ငံခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များနှင့် တွေ့ဆုံချိန်၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးနှင့် သင်တန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စစ် တူနယ်တီးနပ်စ်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညှိခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အရေးနှင့် သင်တန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံနှင့် ILO အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် International Labour Organization (ILO) ၏ Deputy Director-General for Management and Reform Mr. Greg Vines အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ILO အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ Decent Work Country Programme ကိစ္စ၊ Memorandum of Understanding and Associated Action Plan for the Elimination of Forced Labour နှင့် the Supplementary Understanding တို့အား သက်တမ်းတိုးလက်မှတ်ရေးထိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် အမေရိကန်၊ အီတလီနှင့် EU တို့မှ သံအမတ်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scort Marciel၊ အီတလီနိုင်ငံ သံအမတ်ကြီး H.E.Mr. Pier Giorgio Aliberti နှင့် ဥရောပသမဂ္ဂဆိုင်ရာသံအမတ်ကြီး H.E.Mr. Khristian Schmidt တို့အား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

အမေရိကန်နိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ဥပဒေအရာရှိအချို့ကို ရွေးချယ်၍ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် သက်ဆိုင်သည့် အမှုလိုက်ဆိုင်ရာ အထူးသင်တန်းများ ပို့ချပေးရေးကိစ္စ၊ USAID နှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော ရှေ့ပြေးဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေးကိစ္စ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ဆိုင်ရာကိစ္စတို့ကို ဆွေးနွေးသည်။

အီတလီနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေမူဘောင်များ ရှင်းလင်းလွယ်ကူစေရေးနှင့် တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေးကိစ္စ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေများကို စိစစ်အကြံပြုချက်ပေးရာတွင် ဒီမိုကရေစီစံနှုန်းများကို အလေးထားထည့်သွင်းစဉ်းစားနိုင်ရေးကိစ္စတို့ကို ဆွေးနွေးသည်။

ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ တရားမျှတမှု ဆိုင်ရာလုပ်ငန်းများတွင် EU က ပိုမိုပံ့ပိုးကူညီနိုင်မည့်လုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုများ၊ EU ၏ အထောက်အပံ့ဖြင့် My Justice အဖွဲ့က ဆောင်ရွက်နေသော တရားမျှတမှုစင်တာများနှင့် ဥပဒေအထောက်အကူပေးရေး လုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြားလုပ်ငန်းနယ်ပယ်များ၊ ဥပဒေစိစစ် အကြံပြုချက်ပေးရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ တတိယအကြိမ် မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ မြန်မာဘက်မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ ဦးဆောင်၍လည်းကောင်း၊ တရုတ်ဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခုန်ရှွယ်ယို့နှင့် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ရှောင်ရွှမ်မင်တို့ ဦးဆောင်၍လည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနှင့်တရုတ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံမှ အပြုသဘောဆောင်သော ကူညီပံ့ပိုးမှုများပေးအပ်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် တရားမဝင် ဝင်၊ ထွက်သွားလာမှုများ တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများ တားဆီးနှိမ်နင်းရေး၊ တရားဝင်ကူးသန်းရောင်းဝယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ၏ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အလေးပေးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်၍ ကျင်းပသည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကို မြန်မာနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးသက်ရောက်မှုများ ပိုမိုရရှိစေရန်အတွက်လည်းကောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ နှစ်နိုင်ငံအကြား အလှည့်ကျ ကျင်းပလျက်ရှိသည်။

ပထမအကြိမ် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကူမင်းမြို့၌ လည်းကောင်း ကျင်းပခဲ့သည်။

အစည်းအဝေးအပြီးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က အစည်းအဝေးသို့ တက်ရောက်လာသည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များအား Lake Garden ဟိုတယ်ရှိ MGallery တွင် နေ့လယ်စာဖြင့် တည်ခင်းညှိခံခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲမကျင်းပမီ ဇန်နဝါရီ ၁၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခုန်ရှွယ်ယို့တို့ ဦးဆောင်သော နှစ်ဖက်နိုင်ငံခြားရေးကိုယ်စားလှယ်အဖွဲ့များသည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ရှောင်ရွှမ်မင်တို့ ဦးဆောင်သော နှစ်ဖက်ကာကွယ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေနန်းတော်ဟိုတယ်၌ လည်းကောင်း သီးခြားစီ ကြိုတင်ပြင်ဆင်ညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ငွေကြေးစီမံခန့်ခွဲမှုများကို ပြည်သူလူထုအပေါ် ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမည်



**နေပြည်တော် ဇန်နဝါရီ ၁၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် **၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများ နှင့် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရသုံးငွေများ** နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအထိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ သာမန်ရငွေ အဆိုပြုတင်ပြချက်မှာ ငွေကျပ် ၆၁၀၆၂ ဒသမ ၀၉၅ သန်းဖြစ်ပြီး စိစစ်ပြီး တိုးမြှင့်သတ်မှတ်သည့်ငွေမှာ ငွေကျပ် ၁၂၃၀၇ ဒသမ ၅ သန်းဖြစ်သဖြင့် စိစစ်ပြီး သာမန်ရငွေမှာ စုစုပေါင်း ငွေကျပ် ၇၃၄၇၉ ဒသမ ၅၉၅ သန်း ဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ် အဆိုပြုတင်ပြချက်မှာ ငွေကျပ် ၃၄၅၃၆ ဒသမ ၈၁၇ သန်းဖြစ်ပြီး စိစစ်ပြီး လျှော့ချငွေမှာ ငွေကျပ် ၃၆၉၇ ဒသမ ၆၁၆ သန်းဖြစ်ပြီး သာမန်အသုံးစရိတ်မှာ စုစုပေါင်းငွေကျပ် ၃၀၈၃၉ ဒသမ ၂၀၁ သန်းဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ် အဆိုပြုတင်ပြချက်မှာ ငွေကျပ် ၄၁၇၅ ဒသမ ၂၈ သန်းဖြစ်ပြီး စိစစ်ပြီး လျှော့ချငွေမှာ ငွေကျပ် ၁၈၂၅ ဒသမ ၆၁၁ သန်းဖြစ်သဖြင့် စိစစ်ပြီး သာမန်အသုံးစရိတ်မှာ စုစုပေါင်းငွေကျပ် ၂၃၄၉ ဒသမ ၆၆၉ သန်း ဖြစ်ပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် အဆိုပြုတင်ပြငွေ စုစုပေါင်း ငွေကျပ် ၃၈၇၁၂ ဒသမ ၀၉၇ ဖြစ်ပြီး စိစစ်လျှော့ချငွေ စုစုပေါင်း ငွေကျပ် ၅၅၂၃ ဒသမ ၂၂၇ သန်း ဖြစ်သဖြင့် စိစစ်ပြီး စုစုပေါင်းငွေမှာ ငွေကျပ် ၃၃၁၈၈ ဒသမ ၈၇ သန်းဖြစ်ပါကြောင်း၊ စိစစ်တိုးမြှင့်၊ လျှော့ချသည့် ငွေပမာဏကို ဝန်ကြီးဌာနအနေဖြင့် သဘောတူ လက်ခံပါကြောင်းနှင့် လျှော့ချသည့်ငွေရပ်အတွင်း စံချိန်စံညွှန်းမီစေရန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

- **ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးပြည့်ဝသောပညာရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ဦးတည်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**
- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ ခြောက်လတာအတွင်း အမှန်တကယ်လိုအပ်သည့် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများကိုသာ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်**

**ပညာရေးဝန်ကြီးဌာန**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ ကျောင်းပြင်ပပညာရေးနှင့် တစ်သက်တာပညာရေးကဏ္ဍနှင့် အခြားဆက်စပ်ပညာရေးကဏ္ဍနှင့် သက်ဆိုင်သော ဦးစီးဌာနများအနေဖြင့် ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ အရည်အသွေးပြည့်ဝသော ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ဦးတည်၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အထူးသဖြင့် ကျေးလက်နှင့် ဝေးလံဒေသများတွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးနှင့် တက္ကသိုလ်ပညာများတွင် ဆက်လက်ပညာသင်ယူနိုင်ရေး၊ လိုအပ်သော ဆရာ ဆရာမများ ခန့်ထားခြင်း၊ လိုအပ်သော ဆရာ ဆရာမများ ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့ခန့်ထားခြင်း၊ လိုအပ်သော ကျောင်းဆောင်များအား တည်ဆောက်ပေးခြင်း၊ လိုအပ်သော ကျောင်းဆောင်နှင့် တက္ကသိုလ်စာသင်ခန်းများအား ပြင်ဆင်ထိန်းသိမ်းခြင်း၊ လိုအပ်သော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းမြှင့်တင်ခြင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ဝေပေးခြင်း၊ သင်ကြားသင်ယူမှု နည်းစနစ်များအတွက် မွမ်းမံသင်တန်းများ ပို့ချခြင်း၊ စီမံခန့်ခွဲရေးမွမ်းမံသင်တန်းများ ပို့ချခြင်း၊ ကျောင်းများနှင့် တက္ကသိုလ်များမှ လိုအပ်သော စာကြည့်တိုက်များအတွက် ဖြည့်ဆည်းခြင်း၊ အားကစား၊ အနုပညာ၊ ကျောင်းထောက်ပံ့ကြေး၊ ပညာသင်ထောက်ပံ့ကြေး၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများထောက်ပံ့ခြင်း၊ ရုံးသုံးပစ္စည်းများ၊ ယာဉ်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းခြင်း၊ ကျောင်းဖွံ့ဖြိုးရေးနှင့် ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးခြင်း၊ အတိုးနှုန်းများ ပေးချေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ယူမှုအခွင့်အလမ်းများ မြင့်မားရေးနှင့် အရည်အသွေးပြည့်ဝသော ပညာရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် သာမန်အသုံးစရိတ် ငွေကျပ် ၆၆၇၈၆၅ ဒသမ ၉၄၇ ဘီလီယံနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၃၉၂၈၀ ဒသမ ၆၀၅ ဘီလီယံ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၈၀၇၁၄၆ ဒသမ ၅၅၂ ဘီလီယံတို့ကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ထိရောက်ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် သာမန်ရငွေကျပ် ၅၂၆၈ ဒသမ ၇၂၆ သန်း၊ သာမန်အသုံးစရိတ် ငွေကျပ် ၂၆၁၃၄၆ ဒသမ ၅၇၁ သန်းနှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၅၇၃၉ ဒသမ ၄၆၇ သန်း တင်ပြတောင်းခံခြင်း ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် ပဋိသန္ဓေတည်သည်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားသည့် ဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းသက်သာရန် ဆောင်ရွက်ခြင်း၊ သဘာဝဘေးကို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ဖြစ်ခြင်းနှင့် ဘေးသင့်ပြည်သူများ မူလလူနေမှုဘဝ အခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေသို့ ရောက်ရှိအောင် ဆောင်ရွက်ခြင်းများတွင် ငွေကြေးစီမံခန့်ခွဲမှုများကို ပြည်သူလူထုအပေါ် ထိထိရောက်ရောက်နှင့် ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမည်ဖြစ်ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲရေးကာလ ခြောက်လတာအတွင်း အမှန်တကယ်လိုအပ်သည့် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းများအတွက် ယခုတင်ပြတောင်းခံမှုသည် နောင်လာမည့် ဘဏ္ဍာရေးနှစ် ဆောင်ရွက်မှုလုပ်ငန်းများနှင့် ဆက်စပ်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ မူဝါဒ ငါးရပ်၊ ရည်မှန်းချက် လေးရပ်၊ လုပ်ငန်းစဉ်ပေါင်း ၄၀ တို့နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ခြောက်လအတွက် ရငွေလျာထားချက်မှာ သာမန်ရငွေ ငွေကျပ် ၄၂ ဒသမ ၉၃၉ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ငွေကျပ် ၂၄ ဒသမ ၂၁၃ ဘီလီယံနှင့် ကြွေးမြီရငွေ ငွေကျပ် ၁၀၅ ဒသမ ၁၉၂ ဘီလီယံ စုစုပေါင်းရငွေ ငွေကျပ် ၁၇၂ ဒသမ ၃၄၄ ဘီလီယံ ဖြစ်ပါကြောင်း။

သာမန်ရငွေ ငွေကျပ် ၄၂ ဒသမ ၉၃၉ ဘီလီယံတွင် လမ်း၊ တံတား အသုံးပြုခ ကောက်ခံရငွေများ၊ ပုံဆွဲ၊ ပုံထုတ်ခ ရငွေများ၊ အရည်အသွေး စစ်ဆေးခရငွေ၊ အဆောက်အအုံ၊ မြေငှားရမ်းခ ရငွေများ၊ တင်ဒါပုံစံရောင်းရငွေများနှင့် အခြားရငွေများ ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းရငွေ ငွေကျပ် ၂၄ ဒသမ ၂၁၃ ဘီလီယံတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့ငွေနှင့် နိုင်ငံပိုင် အဆောက်အအုံအဟောင်းများ ဖျက်သိမ်းရောင်းချရငွေများ ဖြစ်ပါကြောင်း၊ ကြွေးမြီရငွေ ငွေကျပ် ၁၀၅ ဒသမ ၁၉၂ ဘီလီယံတွင် ပြည်ပနိုင်ငံများမှ ချေးယူရငွေနှင့် ဖက်စပ်ကုမ္ပဏီများတွင် ရင်းနှီးထည့်ဝင်ထားငွေမှ ပြန်ရငွေများ ဖြစ်ပါကြောင်း။

ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၈၄ ဒသမ ၄၁၃ ဘီလီယံတွင် လွှတ်တော်ကတိကဝတ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လမ်းစီမံကိန်း ငါးခု၊ တံတားစီမံကိန်း ၄၁ ခု၊ လုပ်ငန်းသစ်တွင် လမ်းစီမံကိန်း သုံးခု၊ တံတားစီမံကိန်း ၁၇ ခုနှင့် ကျေးလက်လမ်းတံတား လုပ်ငန်း ၁၃ ခုတို့ ပါဝင်ပြီး ခြောက်လတာကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက် တောင်းခံထားခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လုပ်ငန်းအသစ်အနေဖြင့် တည်ဆောက်မည့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းများ ဆောင်ရွက်နေပြီး လိုအပ်သော ရန်ပုံငွေကို ၂၀၁၇-၂၀၁၈ ဖြည့်စွက်ခွင့်ပြုငွေတွင် တောင်းခံခဲ့သော်လည်း မရရှိခဲ့ပါ၍ ယခု ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ပြီးစီးနိုင်မည်ဖြစ်၍ တင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။ **မိမိဖြိုး**

## အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် စင်ကာပူနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၁၇**

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H. E. Ms. Vanessa Chan Yuen Ying နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးနှင့်စပ်လျဉ်းသည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန် တိုက်တွန်းကြောင်းအဆို ဆွေးနွေးရန်ဆုံးဖြတ်

နေပြည်တော် ဇန်နဝါရီ ၁၇

**"နိုင်ငံ့ဝန်ထမ်းများအတွင်း သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီပြီး ထူးချွန်စွာ တာဝန်ထမ်းဆောင်သူများမှ သင့်လျော်သော ဝန်ထမ်းအရေအတွက်ကို ဘွဲ့တံဆိပ်၊ အဆောင်အယောင်များ၊ အပန်းဖြေ လေ့လာရေးခရီးများ၊ နိုင်ငံရပ်ခြားပညာတော်သင် ခရီးစဉ်များနှင့် အခြားသော ဂုဏ်ပြုချီးမြှင့်၊ အသိအမှတ်ပြုမှုများ ပြုလုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို ပြည်သူ့လွှတ်တော်၌ လက်ခံဆွေးနွေးရန် ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။



ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအေးမင်း



ကျောက်တန်းမဲဆန္ဒနယ် မှ ဒေါ်အေးမြမြမျိုး

**"နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန် အရေးပါလှသကဲ့သို့ နိုင်ငံတော် တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးကာလတွင် အရေးတကြီး ဆောင်ရွက်ရမည့် အရာဖြစ်"**

**နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ**

အဆိုကို ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးအေးမင်းက တင်သွင်းခဲ့ပြီး အဆိုတင်သွင်းစဉ် နိုင်ငံ့ဝန်ထမ်းဥပဒေအရ သင့်တင့်လျောက်ပတ်သော အခွင့်အရေးများပေးအပ်ပြီး နိုင်ငံ့ဝန်ထမ်းများ၏ ယနေ့အချိန်ကာလ လက်တွေ့ဘဝတွင်ရရှိသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ များစွာလိုအပ်နေဆဲ ဖြစ်ပါကြောင်း၊ အခြေခံစားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် ကုန်ကျစရိတ်များ မြင့်တက်လာသော်လည်း လစာနှင့် အခြားပံ့ပိုးငွေများမှာ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေအရ တိုးမြှင့်ပေးနိုင်မှု မရှိသေးပါကြောင်း။

ဘတ်ဂျက်ခွင့်ပြုအခြေအနေအရ ခွင့်ပြုခန့်ထားသည့် ဝန်ထမ်းဦးရေနည်းပါးပြီး ထမ်းရွက်တာဝန်ယူရသည့် အလုပ်တာဝန်များ များပြားလာခြင်း၊ မနိုင်ဝန်ထမ်းနေရခြင်း၊ အလုပ်တွင်မပျော်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းခြင်း၊ အလုပ်မှ နုတ်ထွက်ခြင်း၊ အဂတိလိုက်စားခြင်း စသည့်အခြေအနေအထိ ဖြစ်လာပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

**လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန်**

အဆိုနှင့်စပ်လျဉ်းပြီး ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ထောက်ခံ ဆွေးနွေးရာတွင် လစာထက်အဆပေါင်းများစွာ ပိုနေသော ပိုင်ဆိုင်မှုများ ရှိနေသည့် အမှုထမ်း၊ အရာထမ်းများကို လာဘ်ပေးလာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှု၊ အဂတိလိုက်စားမှုကင်းအောင် စုံစမ်းစစ်ဆေး အရေးယူပေးနိုင်သည့် ယန္တရားတည်ဆောက်ရန် လိုအပ်ပါကြောင်း၊ အဆိုရှင်တင်ပြမှုသည် နိုင်ငံ့ဝန်ထမ်းများ၏ စိတ်ဓာတ်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန် အရေးပါလှသကဲ့သို့ နိုင်ငံတော် တည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးကာလတွင် အရေးတကြီး ဆောင်ရွက်ရမည့် အရာဖြစ်သည့်အတွက် ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာထားသည်။

ယနေ့အစည်းအဝေးတွင် မြန်အောင် မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ **မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန အန္တရာယ်ရှိ အဆောက်အအုံအားဖျက်သိမ်း၍ အဆောက်အအုံသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်အောင်မြို့နယ် တိုင်းရင်းဆေးကုဌာန အန္တရာယ်ရှိအဆောက်အအုံအားဖျက်သိမ်း၍ အဆောက်အအုံသစ် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း၊ အန္တရာယ်မရှိစေရန်အတွက် ပြင်ထိန်းစရိတ်ဖြင့် အတတ်နိုင်ဆုံး ပြင်ဆင်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ထည့်သွင်းဆောင်ရွက်မည်**

ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၏ **ပြည်ထောင်စုအစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ပြည်သူလူထု ပိုမိုအားထားလာသော မျက်စိအထူးကုဆေးရုံကြီး (YANGON EYE HOSPITAL)အား အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုးချဲ့ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနအသစ်ဆောက်လုပ်ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆေးရုံ၏ လိုအပ်ချက်များအား ဖြေရှင်းပေးနိုင်ရန်အတွက် ဗဟိုနှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်းကာ အသေးစိတ် ပြန်လည်လေ့လာသွားမည်ဖြစ်ပါကြောင်း၊ လေ့လာတွေ့ရှိချက်အရ လိုအပ်လျှင် လိုအပ်သည့်အတိုင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရင်ပေါင်တိုင် ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် သင့်လျော်မှုမရှိသေးပါကြောင်း၊ လစ်လပ်လျက်ရှိသော သားဖွားဆရာမများအတွက် ယခု ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွင် ခန့်အပ်မည့် သားဖွားဆရာမ ၁၀၄၆ ဦးထဲမှ ဦးစားပေးခန့်ထားမည် ဖြစ်ပါကြောင်းနှင့် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများကိုလည်း ပြည့်စုံအောင် ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ပြန်လည်ဖြေကြား**

ထို့ပြင် ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၏ **ဆီဆိုင်မြို့နယ် ဘန်းယဉ်တိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ **လယ်ဝေးမြို့နယ်ပိုင် အားကစားကွင်းသစ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် အပြီးသတ်တည်ဆောက်ပေးမည်နှင့် အားကစားသမားများလေ့ကျင့်ခန်းဆင်းခြင်း၊ ဘောလုံးကစားခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနပိုင်လေ့ကျင့်ရေးကွင်းတွင် အခမဲ့ကစားခွင့် ပြု၊ မပြု** သိလိုကြောင်းမေးခွန်းနှင့် လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ **လှိုင်သာယာမြို့နယ် အမှတ်(၆) ရပ်ကွက် ယခင်အောင်မြေသာယာ ဘောလုံးကွင်းအား မြို့နယ်အဆင့် ဘောလုံးအားကစားကွင်းအဖြစ်သတ်မှတ်ပေးပြီး အဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့ကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက **"မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**ကို လွှတ်တော်သို့တင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ကျော်သူထက်

# နိုင်ငံ၏ပညာရေးအဆင့်အတန်းမြှင့်တင်ရန် အမျိုးသားပညာရေးစီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရေး အကြံပြုဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**လမ်းများပြုပြင် အသုံးပြုလျက်ရှိ**

အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်၏ **ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့တို့ကို ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက် မဟာဗျူဟာကျသည့် ကားလမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့၊ မန်စီမြို့နှင့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့အား ဆက်သွယ်ထားသော ပြည်နယ်ချင်းဆက် လမ်းသည် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း(ဗန်းမော်-နမ့်ခမ်းလမ်း)အပိုင်းရှိ ကချင်ပြည်နယ်အပိုင်းတွင် (၅၉/၄)မိုင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၆/၆)မိုင်ရှိပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လတွင် လမ်းအခြေအနေအရ ကချင်ပြည်နယ်အပိုင်း (၅၉/၄) မိုင်၏ လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း (၁၃/၀)မိုင်၊ အမာခံလမ်း (၄၆/၄) မိုင် ရှိပါကြောင်း၊ အဆိုပါလမ်းတွင် ကချင်ပြည်နယ်အပိုင်း၌ ကချင်ပြည်နယ်နယ်စပ် မော်စီခွရွာ မိုင် (၃၀၈/၆)မှ မန်ဝိန်းကြီးရွာ မိုင်(၃၁၀/၆)ထိ နှစ်မိုင်သာလျှင် ပြည်သူများ သွားလာအသုံးပြုလျက် ရှိပါကြောင်း၊ ကျန်အပိုင်းများကို မိုင် (၃၁၀/၆) မန်ဝိန်းကြီးရွာမှ မိုင် (၃၃၀/၂) ကိုက်ထိပ်ရွာအထိ ၁၉ မိုင် ၄ ဖာလုံမှ တပ်မတော်မှ ရိက္ခာပို့ဆောင်ရန်အတွက် လမ်းများပြုပြင် အသုံးပြုလျက်ရှိပြီး နယ်မြေလုံခြုံရေးအခြေအနေအရ ပြည်သူများ သွားလာအသုံးပြုမှု မရှိပါကြောင်း၊ မိုင် (၃၃၀/၂) ကိုက်ထိပ်ရွာမှ မိုင် (၃၄၉/၆) မဒန်ယန်ကျေးရွာအထိ ၁၉ မိုင် ၄ ဖာလုံမှာ နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာ၍ မရသည်ကို သိရှိရပါကြောင်း။

**ရန်ပုံငွေရရှိမှုအပေါ်မူတည်**

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း ကချင်ပြည်နယ်အပိုင်းတွင် နယ်မြေလုံခြုံရေး အခြေအနေအရ သွားလာ၍ရသော မိုင် (၂၄၉/၆) မဒန်ယန်ရွာမှ (၃၆၈/၂) ဗန်းမော်မြို့အထိ ၁၈ မိုင် ၄ ဖာလုံ အပိုင်းသာလမ်းဦးစီးဌာနမှ တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ရာသီမရွေး သွားလာနိုင်ပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရ သွားလာ၍မရသော မန်ဝိန်းကြီးကျေးရွာမှ မဒန်ယန်ရွာအထိ နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာပါက ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း

**"အင်္ဂလိပ်ဘာသာစကားသည် လုပ်ငန်းခွင်နှင့် ပညာရပ်ဆိုင်ရာအတွက် အရေးတကြီး လိုအပ်ပါကြောင်း၊ စီးပွားရေးမြှင့်တင်နိုင်ရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများရှိလာလျှင် လူ့စွမ်းအားအရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာစကား၏ အရေးပါပုံနှင့် လိုအပ်ချက်တောင်းဆိုမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့တွင် အခက်အခဲများစွာရှိနေ"**

ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

**ဖတ်ကြားရှင်းလင်း**

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို အဖွဲ့ဝင် ဒေါက်တာအောင်မျိုးက ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **မြန်မာနိုင်ငံတွင် သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း)အောင်မြင်ပြီးချိန်အထိ အင်္ဂလိပ်ဘာသာရပ်ကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့်ပညာရေးပြီးဆုံးချိန်တွင် ကျောင်းသူ၊ ကျောင်းသားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆိုဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။**

*စာမျက်နှာ ၉ သို့*

# မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စင်ကာပူနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Vanessa Chan Yuen Ying နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးခန်း၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များ၏ ဥပဒေပြုရေးအခန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စင်ကာပူနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပိုမိုကူညီပံ့ပိုးပေးနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*အမျိုးသားလွှတ်တော်အစည်းအဝေးမှ*

**ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆို ဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှစတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်များ၊ အကဲဖြတ်စနစ်(စာမေးပွဲ)ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည်လေးမျိုး (4 Skills- Reading,Writing, Speaking,Listening) ပါဝင်သော စနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အရည်အသွေးမြှင့်တင်**

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးက Global Education တွင် ကမ္ဘာကြီးကို ချိတ်ဆက်နိုင်သည့် အင်္ဂလိပ်ဘာသာစကားနှင့်သာ အကဲဖြတ်စစ်ဆေးကြပါကြောင်း၊ အကဲဖြတ်သည့်နေရာတွင် Speaking, Reading, Writing နှင့် Listening ဆိုသည့် 4 Skills နှင့်သာ အရည်အချင်းစစ်ပါကြောင်း၊ ယခုလွှတ်တော်သစ်တွင် နိုင်ငံတကာပါလီမန်များနှင့် ရင်ပေါင်တန်းနိုင်ရန်၊ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို British Council မှ 4 Skills နှင့် အင်္ဂလိပ်ဘာသာစကား အရည်အချင်းစစ်ပေးခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရန်အတွက်ဖြစ်စေ၊ စီးပွားရေးကို အဓိကဦးမော့လာစေရန်အတွက်ဖြစ်စေ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရန် အင်္ဂလိပ်ဘာသာစကား အရည်အသွေးမြှင့်တင်ရာတွင် အဓိကကျ လိုအပ်ချက်ဖြစ်ပါကြောင်း။

**ပညာရေးအဆင့်အတန်း မြှင့်တင်ရန်**

အင်္ဂလိပ်ဘာသာစကားသည် လုပ်ငန်းခွင်နှင့် ပညာရပ်ဆိုင်ရာအတွက် အရေးတကြီး လိုအပ်ပါကြောင်း၊ စီးပွားရေးမြှင့်တင်နိုင်ရန် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများရှိလာလျှင် လူ့စွမ်းအားအရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ အင်္ဂလိပ်ဘာသာစကား၏ အရေးပါပုံနှင့် လိုအပ်ချက်တောင်းဆိုမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့တွင် အခက်အခဲများစွာ ရှိနေပါကြောင်း၊ အချိန်တိုအတွင်းတွင် အင်္ဂလိပ်စာကို အောင်မြင်ထိရောက်စွာ သုံးစွဲနိုင်ရန် တစ်နိုင်ငံတစ်ပြေးညီ သင်ယူနိုင်ရန် ခဲယဉ်းပါကြောင်း၊ စိန်ခေါ်မှုများထဲတွင် အင်္ဂလိပ်ဘာသာစကား၏ လိုအပ်ချက်နှင့် အရေးပါပုံများ ပါဝင်သွားပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ပညာရေးအဆင့်အတန်း မြှင့်တင်ရန်အတွက် အမျိုးသားပညာရေး စီမံကိန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန် အချိန်နှင့် တစ်ပြေးညီ အားထုတ်ကြိုးပမ်းရန် တိုက်တွန်းအကြံပြုဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာသန်းဝင်းတို့က ဆွေးနွေးကြသည်။

**ဆက်လက်ကျင်းပမည်**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ဇန်နဝါရီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

---

# လီဆူ(ခေါ့ရှီ) နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲ ပူတာအိုၡ ကျင်းပ

**ပူတာအို ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် လီဆူ(ခေါ့ရှီ)နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ ခြံဝင်း၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းနှင့် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်၊ ပူတာအိုမြို့နယ် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဝါဆာရဲ့တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ က လီဆူ(ခေါ့ရှီ)နှစ်သစ်ကူးပွဲတော် တက်ရောက်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ မြောက်ဖျားတွင် တည်ရှိသော ပူတာအိုမြို့သည် အေးချမ်းပြီး ရေခဲတောင်များနှင့် သာယာလှပနေသည်ကို တွေ့မြင်ရပါကြောင်း၊ လီဆူစာပေကို ၁၉၁၈ ခုနှစ်ကစပြီး ရောမအက္ခရာကိုအခြေခံကာ တီထွင်အသုံးပြုလာကြသည်ဟု သိရှိရပါကြောင်း၊ ၁၉၂၃ ခုနှစ်ကစပြီး ကမ္ဘာ့စာပေစာရင်းဝင်ခဲ့သည့် လီဆူစာပေသည် အခြေခံပညာသင်ရိုးပြဋ္ဌာန်းသင်ကြားနေပြီဖြစ်ကြောင်း သိရှိရပါကြောင်း၊ ယဉ်ကျေးမှုရိုးရာအမွေအနှစ်ကို လက်ဆင့်ကမ်း မျိုးဆက်တစ်ခုပြီးတစ်ခု ထိန်းသိမ်းစောင့်ရှောက်ပြီး စာပေကို ပိုမိုတိုးတက်ဖွံ့ဖြိုးရန်အတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ပူတာအို ဒေသသည် သဘာဝခရီးသွားလုပ်ငန်း အလားအလာအများဆုံးရှိနေသည်ကို တွေ့မြင်ရပါကြောင်း၊ မြစ်ကြီးနား-ပူတာအိုလမ်းကို ရာသီမရွေးသွားလာနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းနေပြီဖြစ်ပါကြောင်း၊ နှစ်သစ်ကူးပွဲတော်သည် အဟောင်းမှ အသစ်ကို ပြောင်းလဲခြင်းမင်္ဂလာဖြစ်သလို နှစ်သစ်မှာ စိုက်ပျိုးသီးနှံပေါ်များပြီး ပစ္စည်းဥစ္စာပေါကြွယ်ဝဖို့အတွက် အောင်အောင်မြင်မြင် ကျင်းပလေ့ရှိသည်ကို တွေ့မြင်ရပါကြောင်း၊ ပွဲတော်သည် လီဆူတိုင်းရင်းသားများအတွက် အမှတ်တရပွဲတော်ကြီးဖြစ်သလို ပွဲတော်ကိုတက်ရောက်ခွင့်ရသည့် ကျွန်တော်တို့အတွက်လည်း အမြဲအမှတ်တရ ဖြစ်နေမည်ကို အလေးအနက်ပြောကြားလိုပါကြောင်း၊ သမ္မာကျမ်းစာမှာ အချင်းချင်း ချစ်ခြင်း မေတ္တာရှိကြလော့၊ ချစ်ခြင်းမေတ္တာသည် ခပ်သိမ်းသောအပြစ်တို့ကို ဖုံးအုပ်တတ်၏ဟု ဖော်ပြထားပါကြောင်း၊ ဒီကနေ့ ကျွန်တော်တို့ အတူတကွ ဆင်နွှဲကြသည့် နှစ်သစ်ကူးပွဲတော်အချိန်အခါ၏ ငြိမ်းသက်ခြင်း၊ အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းများဟာ အားလုံးအပေါ် သက်ရောက်ပါစေကြောင်း ပြောကြားသည်။



ဆက်လက်၍ ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ ဒေါက်တာခင်စောနွဲ့က လီဆူသမိုင်းကို ဖတ်ကြားပြီး ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာသူများက စုပေါင်းဂွါခဲ့အက ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

---

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ကြည့်ရှုလိုသည့် ပြည်သူများနှင့် ဝန်ထမ်းများ သွားလာရေးအဆင်ပြေစေရန် သီးသန့်ယာဉ်လိုင်းများ စီစဉ်ပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အထူးအစီအစဉ်အဖြစ် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုယိမ်းအကများ၊ တေးသံသာများ၊ ပဒေသာယိမ်းအကများ၊ ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲကို လာရောက်ကြည့်ရှု လေ့လာကြမည့် အများပြည်သူများ ပိုမို၍ ကြည်နူးပျော်ရွှင်မှုရရှိစေရန်အတွက် ရည်ရွယ်ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး မည်သူမဆို အခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရကာ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ဖျော်ဖြေပွဲနေ့တွင် ကြည့်ရှုလိုသည့် ပြည်သူများနှင့် ဝန်ထမ်းများ သွားလာရေးအဆင်ပြေစေရန် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အထိ သီးသန့်ယာဉ်လိုင်းများ စီစဉ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဖျော်ဖြေပွဲကျင်းပမည့်နေ့တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ ဆက်လက်ဝင်ရောက်လေ့လာလိုသူများအတွက် ဝင်ကြေးများကိုလည်း လျှော့ချပေးသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့ အပြန်အလှန် ကူးလူးသွားလာနိုင်သည့် လမ်းကြောင်းတွင်လည်း ယာဉ်ပို့၊ ကြိုများ စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်ထောင်စုတစ်ဝန်းစုစည်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးစံနှင့်အညီ နေထိုင်စားသောက်ကြပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ထင်ရှားကျော်ကြားသော စေတီပုထိုး အထိမ်းအမှတ်နေရာများ၊ သဘာဝရှုခင်းများ၊ မြေယာရှုခင်းအလှအပများဖြင့် ပုံဖော်၍ တစ်နေရာတည်းတွင် တစ်စုတစ်ဝေးတည်း ကြည့်ရှုလေ့လာ အနားယူအပန်းဖြေနိုင်ရန် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် နောင်တွင် တစ်လတစ်ကြိမ် ဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၇

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ သတ္တမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားသည်။** (ယာပုံ)



### ပြည်သူသို့ အစီရင်ခံတင်ပြရမည်

ပြည်ထောင်စုဝန်ကြီးက ကော်မတီ ဖွဲ့စည်းပြီး လေးလပြည့်မြောက်ပြီ ဖြစ်သောကြောင့် လုပ်ဆောင်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရမည် ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် အကြံပြုချက်ကော်မရှင်တို့၏ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများ၏ သဘောထားနှင့် ခံစားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားရမည် ဖြစ်ကြောင်း။

ကော်မတီအကြံပေးအဖွဲ့ကို ပြည်ပပညာရှင်ငါးဦးနှင့် ပြည်တွင်းပညာရှင်ငါးဦးဖြင့် ဖွဲ့စည်းထားပြီး ကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကြံပြုပေးကြမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခက်ခဲနှောင့်နှေးမှုများ ရှိနိုင်သည့်အပေါ် အကြံပေးအဖွဲ့မှ အကြံပြုချက်များနှင့် ချိန်ညှိဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးရမည်များကို အကြံပြုထားခြင်းဖြစ်ပြီး မိမိတို့ကော်မတီသည် ထိုအကြံပြုချက်များကို နိုင်ငံတော်ကိုယ်စား ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန် ထိရောက်သော အကြံဉာဏ်များ ရယူရမည်ဖြစ်ကြောင်း။

### လုံခြုံမှုနှင့်ဆက်စပ်နေ

ရခိုင်ပြည်နယ် အရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာမှ ဖိအားများ များပြားပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းများသည် ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဒေသနေ နှစ်ဖက်အဖွဲ့အစည်း သဟဇာတမဖြစ်သော နေရာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရင်း သဟဇာတဖြစ်သွားနိုင်သည်များရှိသကဲ့သို့ သဟဇာတဖြစ်အောင် ဆောင်ရွက်ပြီးမှ လုပ်ငန်းများ လုပ်ဆောင်နိုင်သည်များလည်း ရှိနိုင်ပါကြောင်း၊ နှစ်ဖက်လူမှုအဖွဲ့အစည်းများအကြား အစွဲအလမ်းများ၊ မယုံကြည်မှုများ ပြင်းထန်ကြောင်း၊ အကြောက်တရားများလည်းရှိကြောင်း၊ ယင်းအကြောင်းတရားများသည် လုံခြုံမှုနှင့် ဆက်စပ်နေခြင်းကြောင့် လူမှုအဖွဲ့အစည်းနှစ်ခုစလုံး လုံခြုံမှုခံစားရအောင် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

အကောင်အထည်ဖော်မှုတိုင်းတွင် လုံခြုံရေးတာဝန်ယူရသော အဖွဲ့အစည်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတကာမှ အမြင်များတွင် ရခိုင်တိုင်းရင်းသားများ၏ ခံစားချက်များကို ထည့်သွင်းစဉ်းစားမှုပြုရေး ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ကော်မတီ၏ လုပ်ဆောင်ချက် သတင်းစကားများကို ရခိုင်ပြည်နယ်အတွင်း နေထိုင်သူ လူမှုအဖွဲ့အစည်းနှစ်ခုစလုံး သိရန် လိုအပ်ကြောင်း၊ အဖွဲ့အစည်းများ၏ ခေါင်းဆောင်သူများထဲမှ ပြင်းထန်သော ခံစားမှုများ၏ အကျိုးဆက်များကို ကျော်လွှားနိုင်ပြီး သတင်းစကားကို အများသိရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

### လွန်စွာအရေးပါ

ဆက်လက်၍ ကော်မတီပူးတွဲဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု က လေးလတစ်ကြိမ် ထုတ်ပြန်ပေးရမည့် အစီရင်ခံစာ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် အကောင်းဆုံး ပြုစုဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် လက်တွေ့ဆောင်ရွက်သည့် အောက်ခြေအဆင့်အထိ လုပ်ငန်းများ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ခြင်းဖြင့် ပိုမိုအောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ကော်မတီ၏ အကြံပြုချက်များအပေါ် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များတွင် အကြံပေးအဖွဲ့၏ အကြံဉာဏ်များဖြင့် ပေါင်းစပ်ဆောင်ရွက်မှုသည် လုပ်ငန်းများ အောင်မြင်ရေးအတွက် လွန်စွာအရေးပါပါကြောင်း၊ အားလုံးဝိုင်းဝန်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များမှ မိမိတို့ဝန်ကြီးဌာနအလိုက် အကြံပြုချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်သူသို့ လေးလတစ်ကြိမ် အစီရင်ခံစာ ထုတ်ပြန်ရေးကိစ္စများကို ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်မည့် နေရပ်စွန့်ခွာသူများ လက်ခံရေးအစီအစဉ်နှင့် လုံခြုံရေးနှင့် ကျန်းမာရေးကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အား နော်ဝေနိုင်ငံသံအမတ်ကြီး H.E Ms. Tone Tinnesနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) မှ Country Director , Mr. Peter Batchelor တို့က ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။**



နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် လိုအပ်သော ကူညီထောက်ပံ့မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့် ကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်မည့် နေရပ်စွန့်ခွာသူများ လက်ခံရေး အစီအစဉ်နှင့် ၎င်းတို့အတွက် လုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များ၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး စီစဉ်ထားရှိမှုကိစ္စ၊ လွတ်လပ်လုံခြုံစွာ သွားလာ လုပ်ကိုင်ခွင့်အတွက် နိုင်ငံသားစိစစ်ရေး (National Verification Card) ကတ်များ စိစစ်ထုတ်ပေးနေမှုကိစ္စ၊ ၂၀၁၂ ခုနှစ်အတွင်း ဆောက်လုပ်ခဲ့သော နေရပ်စွန့်ခွာသူများ နေထိုင်ရာ ကယ်ဆယ်ရေးစခန်းများအနက် သုံးခုအား ပိတ်သိမ်းနိုင်ခဲ့ပြီး ကယ်ဆယ်ရေးစခန်းများ ဆက်လက်ပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေး ကိစ္စရပ်များအား ဆွေးနွေးသည်။

### ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်

ထို့နောက် UNDP မှ Country Director နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းစီမံချက် (MAPDRR) အကောင်အထည်ဖော်ရေးအတွက် အလှူရှင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ဇန်နဝါရီလကုန်တွင် ကျင်းပမည့်ကိစ္စ၊ ဥရောပသမဂ္ဂ၏ ပံ့ပိုးမှုဖြင့် လျှပ်စီးတိုင်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေး နိုင်ငံတော်အဆင့် စီမံကိန်းအတွက် ဆွေးနွေးညှိနှိုင်းမှုများ စတင်နေသည့်ကိစ္စ၊ ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် UNDP က ဆောင်ရွက်မည့် ရခိုင်ပြည်နယ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်နှင့် စပ်လျဉ်းသည့်ကိစ္စ၊ ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများ စတင်ရန် အသင့်ရှိနေသည့် ကိစ္စရပ်များအား ဆွေးနွေးသည်။

### အထောက်အပံ့ပေးရေး

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD) ပြည်ထောင်စု စီမံကိန်း၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၄၅၅၈၆၀၀ နှင့် လူသုံးကုန်ပစ္စည်းများကို လာရောက်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံနယ်စပ်အကြား နေထိုင်နေကြသူများအား မောင်တောခရိုင်အုပ်ချုပ်ရေးမှူး သွားရောက်တွေ့ဆုံ

**မောင်တော ဇန်နဝါရီ ၁၇**

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ အနီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်အကြားတွင် ယာယီနေထိုင်နေကြသည့် တောင်ပြိုလက်ဝဲမြို့အနီးရှိ ကျေးရွာအုပ်စုများမှ နေရပ်စွန့်ခွာသူများအား ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ခရိုင်စီမံခန့်ခွဲမှု ကော်မတီတာဝန်ရှိသူများက သွားရောက် တွေ့ဆုံ မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

### ပြန်လည်စိစစ်လက်ခံရေး

တွေ့ဆုံစဉ် ခရိုင်အုပ်ချုပ်ရေးမှူးက ၎င်းတို့နေထိုင်နေသည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြား သဘာတူညီချက်အရ ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းစဉ် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### နှစ်နိုင်ငံသတင်းထုတ်ပြန်ချက်

ထို့ပြင် ခရိုင်အုပ်ချုပ်ရေးမှူးက ပြန်လည်စိစစ်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု အခြေအနေများ၊ လူသားချင်း စာနာထောက်ထားမှု အကူအညီရရှိမှု အခြေအနေများ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်အပေါ် ကိုယ်ပိုင်သဘောထားများကို မေးမြန်းခဲ့ရာ နေရပ်စွန့်ခွာသူများက ၎င်းတို့အနေဖြင့် နေရပ်သို့ ပြန်လာလိုကြောင်း၊ ပြန်လည်စိစစ်လက်ခံရေး ကိစ္စရပ်အပေါ် နှစ်နိုင်ငံ သတင်းထုတ်ပြန်ချက်များကိုလည်း လေ့လာသိရှိကြပါကြောင်း၊ ယခုကဲ့သို့ လာရောက်တွေ့ဆုံမေးမြန်းသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားကြသည်။

**အောင်ရဲသွင်၊ ကိုမင်း**

**ဓာတ်ပုံ-အောင်မင်း**



# ညောင်ဦးမြို့နယ်အတွင်း ကျေးရွာ ၁၃ ရွာ၌ ကျေးလက်မီးလင်းရေး ဆောင်ရွက်ခွင့်ရ

**ညောင်ဦး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ၏ ခွင့်ပြုငွေဖြင့် ကျေးရွာပေါင်း ၁၃ ရွာခန့်တွင် ကျေးလက်မီးလင်းရေး လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိခဲ့ကြောင်းနှင့် ယခု လတ်တလော အခြေအနေတွင် အဆိုပါ မီးလင်းခွင့်ရရှိသည့်ကျေးရွာများတွင် လုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေး လျက်ရှိကြောင်း ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ကျေးလက်မီးလင်းရေး ဆောင်ရွက်ခွင့်ရရှိသည့် ကျေးရွာများမှာ သူကောင်းတည်ကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ ကန်ကြီးကုန်း(မ)ကျေးရွာ၊ ချောင်းဝကျေးရွာ၊ ထန်းပေါက်ရုံကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ ထရိုင်းတောကျေးရွာ၊ လက်ပံခြေပေါ်ကျေးရွာ၊ ဇီးစမျှင်ကျေးရွာ၊ ကန်ပေါက်(ရ၊ န)ကျေးရွာ၊ ကျွန်းခင်းကြီး ကျေးရွာ၊ သရက်ကုန်း - ဖက်တန်း(မ) - ခက်လန်းကန်ကျေးရွာနှင့် ကုက္ကိုကုန်းကျေးရွာ တို့ ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် မီးလင်း ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီများနှင့် ညောင်ဦးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ(အင်/ယာ) ဦးဝင်းထိန်ထံမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဗိုလ်ချုပ်ရုပ်တု နေရာရွေးချယ်ရေးအတွက် ပြည်သူများ စိတ်ဝင်စားစွာလာရောက်ဆန္ဒပြု

**မိုးကောင်း ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဗိုလ်ချုပ်မြင်းစီးကြေး



သွန်းရုပ်တု ထားရှိရန်အတွက် ရုပ်တုဖြစ်မြောက်ရေး ကော်မတီနှင့် ကြီးကြပ်ရေးကော်မတီတို့ အကြိမ်ကြိမ် အစည်းအဝေးပြုလုပ်ပြီးနောက် စိမ်းမြသီတာပန်းခြံနှင့် ခန်းမရှေ့ နှစ်နေရာကို လျာထားကာ ပြည်သူများ၏ဆန္ဒကိုပါ သိရှိလိုသဖြင့် ပြည်သူများပါဝင်သော ဆန္ဒပြုမှုကို ဇန်နဝါရီ ၁၆ ရက်က ဆောင်ရွက်ခဲ့သည်။

မိုးကောင်းမြို့ စည်ပင်သာယာဈေးကြီး တောင်ဘက်တွင် မဏ္ဍပ်ထိုး၍ ပြည်သူများထံမှ ဆန္ဒတောင်းခံခဲ့ခြင်းဖြစ်ကာ ပြည်သူအများ စိတ်ဝင်စားစွာ လာရောက်ဆန္ဒပြုခဲ့ကြသည်။ “ဘုရားကပြန်လာရင်း မဏ္ဍပ်တွေ့တော့ စာဖတ်ကြည့်တာ ဗိုလ်ချုပ်ကို ချစ်မြတ်နိုးတော့ ငါလည်းပါဝင်မယ်ဆိုပြီး မဲလာထည့်ဖြစ်တာ”ဟု နတ်ကြီးကုန်းရပ်ကွက်မှ အဘချိုက ဆိုသည်။

မိုးကောင်းမြို့၌ ဗိုလ်ချုပ်မြင်းစီးကြေးသွန်းရုပ်တု တည်ဆောက်ထားရှိရေးအတွက် ရုပ်တုဖြစ်မြောက်ရေး ကော်မတီကို ၂၀၁၆ အောက်တိုဘာလအတွင်းက စတင်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့သည်။ အမြင့် ၁၃ ပေ အရွယ်အစားရှိ မြင်းစီးကြေးသွန်းရုပ်ကို ကြေးပိဿာချိန် ၃၀၀ ကျော် အသုံးပြု၍ ငွေကျပ်သိန်း ၄၃၀ အကုန်အကျခံပြီး သွန်းလုပ်ခဲ့ရာ ယခု ဇန်နဝါရီလကုန်ခန့်တွင် ပြီးစီးတော့မည်ဖြစ်၍ ရုပ်တုထားရှိရန်နေရာကို အတည်ပြုသတ်မှတ်ပြီးပါက ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**

# ဇီးချိုင်ကျေးရွာ ပင်လယ်ကမ်းခြေတွင် မျှင်ဖမ်းသူများဖြင့် စည်ကားလျက်ရှိ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအနီး ပင်လယ်ကမ်းစပ်တွင် ဇန်နဝါရီ ၁၅ ရက်မှစ၍ ယနေ့အချိန်အထိ မျှင်ငါးပိပြုလုပ်ရာတွင် အသုံးပြုသော မျှင်ကောင်ငယ်များ အစုလိုက်အပြုံလိုက် ပင်လယ်ရေတိမ်ပိုင်းအထိ ရောက်ရှိလာသဖြင့် ဒေသခံများအနေဖြင့် ကမ်းဆွဲပိုက်များ၊ ကျော့ပိုက်များ၊ ရေတိမ်ပိုင်းတွင်အသုံးပြုသည့် ဂွပိုက်များဖြင့် ဖမ်းဆီးနေကြရာကမ်းခြေတွင် မျှင်ဖမ်းသူများဖြင့် စည်ကားနေကြောင်း သိရသည်။



မျှင်များဖမ်းကြရာတွင် စတင်တွေ့ရှိသည့် ဇန်နဝါရီ ၁၅ ရက်က အများဆုံးရရှိခဲ့ကြပြီး မျှင်အစိမ်း တင်း ၄၀ ကျော်အထိ ရရှိခဲ့သူများရှိကြောင်း၊ အနိမ့်ဆုံးရသူများပင်လျှင် ၁၀ တင်းအထက် ရရှိကြောင်း သိရသည်။ မျှင်ဟုခေါ်ကြသော အကောင်ငယ်များမှာ နုးညံ့ပြီး ပန်းရောင်ရှိသော ပုစွန်နှင့်တူသည့် အကောင်ငယ်လေးများဖြစ်ပြီး ၎င်းတို့ကြိုက်နှစ်သက်သည့် ပင်လယ်ရေရှိရာ နေရာများသို့ ပြောင်းရွှေ့သွားလာနေတတ်ကြောင်း၊ ဇီးချိုင်ကျေးရွာအနီး ပင်လယ်ကမ်းခြေတွင် နှစ်စဉ် တန်ဆောင်မုန်းလမှ တပေါင်းလအထိ မျှင်ကောင်ငယ်များ အစုလိုက်အပြုံလိုက်လာရောက်လေ့ရှိသဖြင့် ၎င်းလများကို မျှင်ရာသီဟုပင် ခေါ်ဆိုကြကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က ပြောသည်။ ထူးခြားမှုအနေဖြင့် ယခင်နှစ်များတွင် တန်ခူးလအထိ မျှင်များကို တွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

မျှင်ကောင်ငယ်များ အစုလိုက်အပြုံလိုက်လာရောက်ခြင်းကို ဒေသအခေါ်အားဖြင့် မျှင်ပါးသည်ဟု ခေါ်ဆိုကြပြီး မျှင်ပါးခြင်းမှာ ပင်လယ်ရေ တက်ခြင်းကျခြင်းနှင့်မဆိုင်ကြောင်း၊ မျှင်ဖမ်းသူများအနေဖြင့် မျှင်ပါးမည့်အချိန်ကို စောင့်ဆိုင်းဖမ်းယူကြရခြင်းဖြစ်ကြောင်း သိရသည်။

ယခုရက်များတွင် မျှင်များ အများအပြား ဖမ်းယူရရှိနေသဖြင့် ဖမ်းထားသော မျှင်များကို နေလှန်းခြင်း၊ ဆားအနည်းငယ်ထည့်၍ စက်ဖြင့်ကြိတ်ခြင်း၊ လက်ဖြင့်ထောင်းခြင်းများကို ရာသီဥတုသာယာသောနေ့များတွင် လေးကြိမ်ခန့်ပြုလုပ်ပြီးမှ လတ်ဆတ်ပြီး ချိုသော မျှင်ငါးပိကို ရရှိကြောင်း၊ ရာသီဥတုမသာယာပါက ရက်အနည်းငယ် ပိုကြာနိုင်ပြီး ငါးပိအရသာမှာ အချိုဓာတ်နည်းသွားနိုင်ကြောင်း၊ ငါးပိအရသာအပေါ် မူတည်၍ ဈေးကွက်တွင် ဈေးနှုန်းများလည်း ကွာခြားသွားမည်ဖြစ်ကြောင်း ဒေသခံငါးပိပြုလုပ်သူများထံမှ သိရသည်။ ယခုဖမ်းမိနေသော မျှင်များကို ရောင်းချရာတွင် မျှင်အစိမ်း ဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ရှိနေသဖြင့် မျှင်ငါးပိ ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ဝန်းကျင် ရှိနိုင်ကြောင်း၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် မျှင်ရရှိမှု အများဆုံးဖြစ်ပြီး မျှင်အစိမ်းတစ်တင်းလျှင် ငွေကျပ် ၂၅၀၀၀ ခန့်ရှိခဲ့၍ မျှင် ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ခန့်အထိ ဈေးကျခဲ့ကြောင်း သိရသည်။


ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာ၏ ရာသီထွက်ကုန်တစ်ခုဖြစ်သော မျှင်ငါးပိကို ပုသိမ်၊ ရန်ကုန်မြို့များသို့ ပို့ဆောင်ရောင်းချခြင်းအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများသို့ ရောင်းချခြင်း၊ မော်တင်စွန်းဘုရားပွဲတွင် ဘူးငယ်များဖြင့် ရောင်းချကြပြီး ယခုကဲ့သို့ မျှင်ပါးသော ရာသီအချိန်များတွင် ကမ်းခြေ၌ ဒေသခံ မျှင်ဖမ်းသူများဖြင့် စည်ကားလျက်ရှိသလို မျှင်ဖမ်းသူ၊ ငါးပိပြုလုပ်သူ၊ မျှင်အစိမ်းဝယ်ယူသူ၊ ရောင်းချသူ ဒေသခံများ အနေဖြင့် ငွေကြေးရှင်သောကာလ တစ်ခုဟု ဆိုနိုင်ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကြယ်လိပ် ကောင်ရေ ၉၀၀ ကို သဘာဝတောတွင်းပြန်လွှတ်ရေး ဆောင်ရွက်မည်

**မင်းဘူး ဇန်နဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော် ဘေးမဲ့တောအတွင်းနေ ဇာတိမျိုးစိတ်တစ်ခုဖြစ်သည့် ကြယ်လိပ်(Star tortoise) အကောင်ရေ ၉၀၀ ကို သဘာဝတောတွင်းပြန်လည်စေလွှတ်ရေး(Soft Release)လုပ်ငန်းစဉ်ကို ဇန်နဝါရီ ၁၉ ရက်မှစ၍ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



**သဘာဝတောတွင်း ပြန်လွှတ်ပေး**

“ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲမှာ Soft Release လုပ်နိုင်ဖို့ ညောင်ဦးမြို့ လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်က ကြယ်လိပ်ကောင်ရေ ၆၅၀၊ နွားထိုးကြီးမြို့မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောက ကြယ်လိပ်ကောင်ရေ ၁၅၀ ဒီနေ့ ညနေ ၄ နာရီခွဲမှာ ရောက်လာပါတယ်၊ ကျွန်တော်တို့ဆီက ကြယ်လိပ်အကောင် ၁၀၀ နဲ့ ရောက်လာတဲ့ ကြယ်လိပ်ကောင်ရေ ၈၀၀ ကို တစ်နှစ်ကြာ ခြံလှောင်လေ့ကျင့်ပေးပြီး သဘာဝတောတွင်း ပြန်လွှတ်ပေးမှာပါ”ဟု ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးအုန်းလွင်က ဇန်နဝါရီ ၁၆ ရက်တွင် ပြောသည်။

ယင်းအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် NGO အဖွဲ့အစည်းနှစ်ခုဖြစ်သည့် Wildlife Conservation Society(WCS)နှင့် Turtle Survival Alliance(TSA)တို့က ပရိုဂရမ်တစ်ခုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကာ ဒါရိုက်တာ ဒေါက်တာကလျာ ဦးစီးသည့်အဖွဲ့က ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးအုန်းလွင်ထံသို့ ဇန်နဝါရီ ၁၆ ရက်က ကြယ်လိပ်များ လွှဲပြောင်းပေးအပ်ခဲ့သည်။

**စောင့်ကြည့်မှတ်တမ်းတင်**

လေ့ကျင့်ပြီး သဘာဝတောတွင်း ပြန်လည်ရှင်သန်စေမည့် ကြယ်လိပ်များ၏ ကျောကုန်းဘေး တစ်ဖက်တွင် ‘စ၊ ခ၊ ဗ၊ ဝ’နှင့် အခြားတစ်ဖက်တွင် အကောင်ရေဂဏန်းနံပါတ်များ တက်တူးထိုးခြင်း၊ ကျောအကွက်နေရာများတွင် တံစဉ်းတိုက်ခြင်းဆိုသည့် နည်းလမ်းသုံးခုဖြင့် အမှတ်အသားပြုခြင်း၊ အကောင်ရေအချိုးနှုန်းအရ ကြယ်လိပ်၏ ကျောတွင် Transmitter နောက်ယောင်ခံစက်တပ်ဆင်ခြင်း၊ အသားထဲတွင် စက်အမှတ်အသားပါသည့် Micro Chip တပ်ဆင်ခြင်းများ လုပ်ဆောင်ကာ ကြယ်လိပ်များအား စောင့်ကြည့်မှတ်တမ်းတင်ကြောင်း WCS ၏ Research Assistant ဦးစွမ်းထက်နိုင်အောင်ထံမှ သိရသည်။

နဂိုမူလက ပေါပေါများများရှိခဲ့သော မြန်မာ့ကြယ်လိပ်မျိုးစိတ်များမှာ လူသားတို့၏ပယောဂကြောင့် တရားမဝင် တောရိုင်းတိရစ္ဆာန်ဈေးကွက်များသို့ ရောက်ရှိခဲ့ရပြီး မျိုးတုံးလုနီးပါး ဖြစ်ခဲ့ရမှုအပေါ် သဘာဝတောကြီးအတွင်း သဘာဝအတိုင်း ရှင်သန်စေခြင်းဖြင့် ဂေဟစနစ်များကောင်းမွန်လာစေရန် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း WCS မှ သိရှိရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်ကလည်း လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်၌ ခြံလှောင်မွေးမြူထားသော ကြယ်လိပ် ၁၅၀ ကို ရွှေစက်တော်ဘေးမဲ့တော၌ သဘာဝတောတွင်းလွှတ်၍ တစ်နှစ် လေ့ကျင့်ပေးခဲ့ကြောင်း၊ လေ့ကျင့်ချိန်ပြည့်သည့် ကြယ်လိပ်များကို တောအတွင်း၌ သဘာဝအတိုင်း နေထိုင်စားသောက် ရှင်သန်စေပြီး NGO အဖွဲ့များကလည်း သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှု ဆင့်ပွားသင်တန်း တောင်ကုတ်မြို့နယ်၌ ဖွင့်

**သံတွဲ ဇန်နဝါရီ ၁၇**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မြစိမ်းရောင်စီမံကိန်း ငွေစာရင်းထိန်းသိမ်းမှု ဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၁၅ ရက် နံနက်က အဆိုပါရုံး၌ ကျင်းပသည်။ သင်တန်းသို့ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၉ ရွာမှ ငွေစာရင်းကိုင်သင်တန်းသား ၂၉ ဦး တက်ရောက်ကြပြီး ငွေစာရင်းနှင့် ပတ်သက်သည့် စာရင်းဇယားများ ရေးသွင်းမှုဆိုင်ရာများကို ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသ ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၁၇**။ မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ မောရဝတီ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့်(တိုင်းရင်းသား) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ခြံပြင် (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခုပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်နှင့် ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခု ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်းနွား ၃၈၆ ကောင်နှင့် ဆိတ် ၇၅၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# NCA သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးမဟာဗျူဟာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၇**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး မဟာဗျူဟာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မဟာဗျူဟာရည်မှန်းချက် ချမှတ်ရာတွင် နှစ်ဖက်အဖွဲ့အစည်းနှစ်ခုလုံး ရည်မှန်းချက် တူညီနေရန် လိုအပ်ကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားသည်။ **(ယာပုံ)**



ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄)ကြိမ်မြောက် အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

"NCA ကို ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး မဟာဗျူဟာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်၊ မဟာဗျူဟာရည်မှန်းချက်ကိုချမှတ်တဲ့အခါမှာလည်း NCA မှာချမှတ်ထားတဲ့ အခြေခံမူတွေအပေါ်မှာ မူတည်ပြီးတော့မှ ငြိမ်းချမ်းရေးမဟာဗျူဟာ ရည်မှန်းချက်ချမှတ်ဖို့ လိုပါတယ်၊ မဟာဗျူဟာရည်မှန်းချက် ချမှတ်တဲ့အခါမှာလည်း နှစ်ဖက်အဖွဲ့အစည်းနှစ်ခုလုံး ရည်မှန်းချက်တူညီနေဖို့ လိုအပ်ပါတယ်၊ ဒါမှ မဟာဗျူဟာရည်မှန်းချက်ကို ချဉ်းကပ်တဲ့လမ်းကြောင်းကို တူညီအောင်ညှိနှိုင်းဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်၊ ဥပမာအားဖြင့် ကျွန်တော်တို့က ရေရှည်ရည်မှန်းချက်တစ်ခု ချတယ်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုရည်ရွယ်တဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်နဲ့အညီ တည်ဆောက်မယ်ဆိုရင် ရည်မှန်းချက်ကို အထောက်အကူပြုတဲ့အနေနဲ့ အလယ်အလတ်ရည်မှန်းချက်တွေ၊ ရေတိုရည်မှန်းချက်တွေ ချမှတ်ဆောင်ရွက်ဖို့ လိုပါတယ်၊ ဒီရည်မှန်းချက်တွေကလည်း နှစ်ဖက်စလုံးမှာ တူညီဖို့လိုအပ်သလို ရည်မှန်းချက်ကိုသွားတဲ့ လမ်းကြောင်းတွေကလည်း တူညီဖို့လိုအပ်ပါတယ်၊ ဒါမှသာ အခက်အခဲမရှိဘဲ ကျွန်တော်တို့ ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မှာဖြစ်ပါတယ်" ဟု ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်၊ နှစ်ဖက်တပ်မှူးများ တွေ့ဆုံခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန်နှင့် နည်းပညာအထောက်အကူပြု ရုံးအဖွဲ့နှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က JMC သည် စောင့်ကြည့်ခြင်း၊ စိစစ်အတည်ပြုခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းကို အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စောင့်ကြည့်ခြင်းနှင့် ပတ်သက်သည့် သဘောတူထားသော စာချုပ်နှင့် ကတိကဝတ်များကို ချိုးဖောက်မှု ရှိ၊ မရှိ စောင့်ကြည့်ရကြောင်း၊ ချိုးဖောက်မှုများအတွက် လိုအပ်ပါက စိစစ်အတည်ပြုရေးအဖွဲ့များ ဖွဲ့စည်း၍ စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်စေကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အရပ်သားကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ခေါင်းဆောင်များဖြစ်ပြီး အဖွဲ့ဝင်အဖြစ် နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ်များလည်းပါဝင်၍ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်နှင့် စိစစ်အတည်ပြုရေးကို နားလည်စေရန် လိုအပ်သည့် အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ JMC အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း စည်းမျဉ်းများအတိုင်း တွေ့ရှိလာပါကလည်း အရေးယူဆောင်ရွက်သွားရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း၊ ကောင်းမွန်သည့် စံနမူနာပြလုပ်ငန်းများ ဖြစ်မှသာလျှင် မိမိတို့ငြိမ်းချမ်းရေးအတွက် အမှန်တကယ် အထောက်အကူပြုရာရောက်မည်ဖြစ်ပါကြောင်း၊ JMC ၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ပြည်သူလူထုကကျယ်ကျယ်ပြန့်ပြန့် သိရှိရန်လိုအပ်ပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက " NCA ကို ပြန်လည်သုံးသပ်ချက်တွေအရ၊ ကျွန်တော်တို့ရဲ့ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီရဲ့လုပ်ပိုင်ခွင့်တာဝန် (JMC ၏ Mandate) ဟာစောင့်ကြည့်၊ စိစစ်အတည်ပြုတဲ့ တာဝန်သာရှိပါတယ်၊ ဒါကြောင့် လက်နက်ကိုင်တပ်ဖွဲ့နှစ်ဖွဲ့အကြား NCA ပါ တပ်ပိုင်းဆိုင်ရာနဲ့ အပစ်အခတ်ရပ်စဲရေးခိုင်မာမှုဆိုင်ရာကိစ္စရပ်တွေ ဆွေးနွေးနိုင်ဖို့နဲ့ ပတ်သက်ပြီး တပ်နှစ်ခုအကြား NCA အချက်အလက်များအပေါ် အဓိပ္ပာယ်ဖွင့်ဆိုမှု ဘုံသဘောတူညီချက် (Common Argeement) ရရှိရေး ညှိနှိုင်းဆွေးနွေးသွားဖို့နဲ့ လက်နက်ကိုင်တပ်နှစ်ဖွဲ့အကြား ထိပ်တိုက်ထိတွေ့မှု ရှောင်ရှားဖို့အတွက် တပ်နေရာချထားရေးနဲ့ပတ်သက်ပြီး နယ်မြေပိုင်းခြားမှုဆိုင်ရာ ထိန်းချုပ်နယ်မြေတွေနဲ့ အပစ်ရပ်နယ်မြေတွေကို ခွဲခြားထားနိုင်ဖို့ လက်နက်ကိုင်တပ်ဖွဲ့နှစ်ဖွဲ့အကြား ညှိနှိုင်းသဘောတူရယူနိုင်မယ့် အခင်းအကျင်းတစ်ခုဖြစ်တဲ့ ( Military to Military) ယန္တရားအသစ်တစ်ခုတည်ဆောက်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

"NCA အခန်း (၆) ပါ ကြားကာလအစီအစဉ်အရ အပစ်ရပ်နယ်မြေ၊ ထိစပ်နယ်မြေများမှာ အုပ်ချုပ်ရေးဆိုင်ရာနဲ့ ပတ်သက်ပြီး နှစ်ဖက်ညှိနှိုင်းဆွေးနွေး သဘောတူညီချက် ရယူနိုင်ဖို့၊ ယန္တရားအသစ်တစ်ခုကိုလည်း တည်ဆောက်ဖို့ လိုအပ်ပါတယ်၊ သို့မှသာ ဒီသဘောတူညီချက်တွေကို အခြေခံပြီး မည်သူက NCA ကို ဖောက်ဖျက်သည်ကို JMC က စောင့်ကြည့်၊ စိစစ်အတည်ပြုပေးနိုင်မှာဖြစ်ကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုပါတယ်၊ JMC ရဲ့ နှစ်နှစ်တာကာလ ဖြတ်သန်းမှု အတွေ့အကြုံအရ JMC မှာအရပ်သား ကိုယ်စားလှယ်တွေ တိုးမြှင့်ပါဝင်နိုင်ဖို့ ထပ်မံအားဖြည့်ဖို့ လိုအပ်ပြီး အစုအဖွဲ့ သုံးခုလုံးမှာ ပြည်သူအကြား NCA နဲ့ ပတ်သက်၍ဖြစ်စေ၊ JMC နဲ့ ပတ်သက်၍ဖြစ်စေ လိုက်လံရှင်းလင်းခြင်းအားဖြင့် JMC အပေါ် ပြည်သူက ပိုမိုယုံကြည်မှု ရှိလာမှာဖြစ်ပါတယ်"ဟု အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံက ငြိမ်းချမ်းရေးသန္နိဋ္ဌာန် စိတ်ခိုင်မြဲဖို့လိုအပ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အခြားနည်းလမ်းဖြင့် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြားတွင် သိသာထင်ရှားသည့် အခွင့်အရေးနှင့် ကွာခြားမှုများ စီမံဖန်တီးပေးရန်တင်ပြလိုကြောင်း၊ မိမိတို့အရပ်သားကိုယ်စားလှယ်များသည် NCA တွင်ပါဝင်သည့် မူဝါဒ၊ JMC မှ ချမှတ်ပေးထားသည့် လုပ်ငန်းလမ်းညွှန်များနှင့် ရေးဆွဲပြီးသားဖြစ်သည့် အရပ်သားကိုယ်စားလှယ်များ လုပ်ဆောင်ရမည့်အရာများကို ပြုစုပြီးဖြစ်၍ ယခုအစည်းအဝေးမှ အတည်ပြုသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ယနေ့ကျင်းပသည့် JMC- U အစည်းအဝေးတွင် အစိုးရကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း) တို့အစား ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ငြိမ်း)၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ် ပဒိုစောတာဒိုမူးအစား ပဒိုစောဆဲဂေတို့ကို ကော်မတီဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးခဲ့သည်။ **သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## ငွေကျပ် သိန်းတစ်ရာကျော်တန်ဖိုးရှိ ဟန်းဆက်ခိုးယူသူများ ဖမ်းမိ

**မြစ်ကြီးနား ဇန်နဝါရီ ၁၇**

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်မှ ကိုအားဆုန် ဖုန်းဆိုင်နှင့် Dr.Nyi ဖုန်းဆိုင်များ၌ ငွေကျပ် ၁၁၉ သိန်းကျော် တန်ဖိုးရှိ ဟန်းဆက်အသစ်များ ခိုးယူခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ဖမ်းမိပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းမှ သိရသည်။

ဇန်နဝါရီ ၁၁ ရက် နှင့် ၁၄ ရက် နံနက်ဆိုင်ဖွင့်ချိန်တွင် ကိုအားဆုန် ဖုန်းဆိုင်မှ ဟန်းဆက် အလုံး ၃၀ ၊ ဖုန်းနာရီများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၅ သိန်းကျော်နှင့် Dr.Nyi ဖုန်းဆိုင်မှ ဟန်းဆက်မျိုးစုံ ၁၈ လုံး ၊ ကွန်ပျူတာ လေးလုံး၊ ဖုန်းအားသွင်းကြိုးများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၃ သိန်းကျော် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

"၁၆ ရက်နေ့ မနက် ၃ နာရီခွဲလောက်မှာ လှည့်ကင်းစောင့်ရင်း ကျွန်တော်တို့အဖွဲ့က ပြစ်မှုကျူးလွန်သူတွေကို တွေ့တာပါ၊ ဟန်းဆက်ခိုးထားတဲ့ ပြစ်မှုကျူးလွန်သူ ကိုးယောက်မှာ တစ်ယောက်က ထွက်ပြေးနေပြီး ရှစ်ယောက်ကို ဖမ်းဆီးထိန်းသိမ်းထားတာပါ"ဟု နယ်မြေရဲစခန်းမှ ဒုရဲအုပ် သိန်းမင်းထွဋ်က ပြောသည်။

Dr.Nyi ဆိုင်တွင် ကွန်ပျူတာနှင့် ဟန်းဆက်များခိုးယူသူ မောင်နော်ထွယ် (၁၇နှစ်)၊ မောင်ဒွဲလာ(၁၉နှစ်)၊ မောင်ဒေးဗစ်နောနော် (၁၈နှစ်)၊ မောင်နော်ဘူ(၁၉နှစ်)၊ မောင်ဆိုင်းနော် (၁၈နှစ်) တို့ကိုဖမ်းမိထားပြီး မောင်ဂွမ်အောန်းဂျွန်(၁၇နှစ်) အမှတ် ၁၅၇ ရပ်ကွက် ၃ ဒူကထောင်ရပ်ကွက်မှာ ထွက်ပြေးနေကြောင်းသိရကာ ၎င်းတို့ကို မြစ်ကြီးနားမြို့ နယ်မြေရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

ကိုအားဆုန်ဖုန်းဆိုင်တွင် ဟန်းဆက်များ ခိုးယူသူ မောင်နော်ထွယ်(၁၇နှစ်)၊ မောင်တူးတူးခေါင် (၁၇နှစ်)၊ မောင်ခွန်နော် (၁၅နှစ်)၊ မောင်ဆိုင်းဒူအောင် (၁၆နှစ်)တို့ကို ဖမ်းဆီးရမိထားပြီး ၎င်းတို့ကို မြစ်ကြီးနားမြို့ နယ်မြေရဲစခန်း၌ ထပ်မံအမှုဖွင့်ထားသည်။ အဆိုပါ ပြစ်မှုကျူးလွန်သူ ရှစ်ဦးကို နယ်မြေရဲစခန်းတွင် ဖမ်းမိထားပြီဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

## ပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**မန္တလေး ဇန်နဝါရီ ၁၇**

အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက် (၅၂)ရှိ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှူးရုံးမှ ဒုရဲမှူး ဇင်မင်းကို ဦးစီးအဖွဲ့၊ မူးယစ်ရဲတပ်ဖွဲ့(မြောက်)၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ် (၂) နယ်မြေရဲစခန်းမှ ရဲအုပ်မျိုးညွန့်နှင့်အဖွဲ့တို့သည် မှုခင်းပညာပေးယာဉ်ဖြင့် ဆရာ ဆရာမ ၃၇ ဦး၊ ကျောင်းသားကျောင်းသူ ၁၂၀၀၊ ပြည်သူ ၂၀၀ စုစုပေါင်း ၁၄၃၇ ဦးတို့အား လူကုန်ကူးမခံရစေရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(မန္တလေးကိုယ်ပွား)**



နေပြည်တော် တပ်ကုန်းမြို့နယ် ငွေ့ကြီးကျေးရွာအုပ်စု ကြူအင်းကျေးရွာ ဓမ္မာရုံတွင် ဇန်နဝါရီလဒုတိယပတ်က ကျေးရွာသူ ကျေးရွာသားများအား မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ကျဆင်းရေးအတွက် ရွှေမြို့နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းဗိုလ်က အသိပညာပေး ဟောပြောစဉ်။ မောင်မွှေး

## ကျိုက်ထိုနှင့် မြဝတီ၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**သထုံ ဇန်နဝါရီ ၁၇**

သထုံခရိုင်နှင့် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး သတင်းအရ ကျိုက်ထိုမြို့နယ် ကော့ဘိမ်း ကျေးရွာအုပ်စု ခမိတ်ကျေးရွာ မော်လမြိုင်-ရန်ကုန် ကားလမ်းတွင် စောင့်ဆိုင်းနေစဉ် မော်လမြိုင်ဘက်မှ ရန်ကုန်ဘက်သို့ ဦးအောင်မြိုင် မောင်းနှင်ပြီး ဇနီးဖြစ်သူ ဒေါ်မင်းမင်းစိုး (ခ) မေစိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ရှာဖွေတွေ့ရှိသဖြင့် ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူခဲ့သည်။

ကွင်းဆက်အရ ဇန်နဝါရီ ၁၇ ရက် နံနက်က ပူးပေါင်းအဖွဲ့သည် မြဝတီမြို့တွင် နေထိုင်သူ အောင်သန်းဦး(ခ) အလစ်(ခ) အကောက်အား အမှတ်(၁) ရပ်ကွက် ချစ်ကြည်ရေး တံတားအောက်၌ လည်းကောင်း၊ ဆက်လက်၍ မြဝတီမြို့ အမှတ် (၃) ရပ်ကွက် ကုန်းမြင့်သာယာလမ်းတွင် စောင့်ဆိုင်းနေစဉ် မြဝတီမြို့ (၅) ရပ်ကွက်တွင် နေထိုင်သူ မျိုးမြင့်အောင်နှင့် ဇနီးတို့သည် ဟွန်ဒါဖစ် အမျိုးအစားယာဉ်ဖြင့် ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၉၈၀၀ တွေ့ရှိ သိမ်းဆည်းရမိသဖြင့် မြဝတီမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

## သိန်းနီမြို့နှင့် ကွတ်ခိုင်မြို့နယ်တို့တွင် ငွေကျပ်သိန်းပေါင်း ၇၂၈၀၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၆ နာရီက သိန်းနီမြို့အထွက် အိုရီယမ်တယ်တိုးဂိတ်အနီး၌ ကျော်ထွန်း (ခ)အိုက်ထွန်း မောင်းနှင်ပြီး စိုင်းလုကျော် လိုက်ပါလာသည့် ယာဉ်မှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၃၉ ခွက်( အလေးချိန် ၁၂ ဒသမ ၅၂၉ ကီလို)နှင့်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကွမ်းလုံ-နမ့်စလပ်-သိန်းနီမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီးတွင် မူးယစ်ဆေးဝါးများပိုင်ရှင်ဖြစ်သည့် ရန်အယ်နှင့် ကူကျန်းလျှန်တို့အားဖမ်းဆီးရမိသဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီခန့်က ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာနေ လောက်ယောင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်၌ လူတစ်ဦးမျှတွေ့ရှိခြင်းမရှိဘဲ နေအိမ်အတွင်း၌ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၃၀၀၊ အိုက်စ် အလေးချိန် ၁၇၅၀ ကီလို၊ ဘိန်းဖြူ ဘလောက်တုံး ၁၃၆၀ (အလေးချိန် ၄၆၂ ဒသမ ၄ ကီလို)၊ ဘိန်းဖြူဆပ်ပြာခွက် ၃၃၀၀ (အလေးချိန် ၃၉ ဒသမ ၆ ကီလို) စုစုပေါင်း ဘိန်းဖြူ အလေးချိန် ၅၀၂ ကီလို နှင့် စုစုပေါင်း ကဖင်း ၂၀၀ ကီလို စုစုပေါင်း တန်ဖိုးငွေကျပ်သိန်းပေါင်း ၇၂၈၀၀၀ ကျော် (ယာပုံ)သိမ်းဆည်းရမိခဲ့သဖြင့် ကွတ်ခိုင်မြို့နယ် လွယ်ခန်ကျေးရွာနေ မူးယစ်ဆေးဝါးများပိုင်ရှင် လောက်ယောင်းအား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆော်ဒီနိုင်ငံရှိ လေဆိပ်တစ်ခုကို ဟူသီသူပုန်တို့ ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်

**ဆာနား ဇန်နဝါရီ ၁၇**

ဆော်ဒီနိုင်ငံ နယ်စပ်ဒေသဖြစ်သည့် ဂျီဇန်ပြည်နယ်ရှိ လေဆိပ်တစ်ခုကို ပစ်မှတ်ထားကာ ပဲ့ထိန်းဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီသူပုန်များက ပြောကြားခဲ့ကြောင်း ဆာဘားသတင်းဌာနတွင် ဖော်ပြထားသည်။

အဆိုပါဒုံးကျည်သည် တာတိုပစ်ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း နောက်ထပ်မည်သည့် သတင်းအချက်အလက်မျှ ပြောကြားခြင်းမရှိခဲ့ပေ။

အဆိုပါတိုက်ခိုက်မှုသည် နှစ်လအတွင်း ဆော်ဒီနိုင်ငံအား ယီမင်နိုင်ငံမှ ဟူသီသူပုန်တို့က ခြောက်ကြိမ်မြောက် ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်မတ်လတွင် အမေရိကန်ကျောထောက်နောက်ခံပေးထားသော ဆော်ဒီဦးဆောင်သည့် မဟာမိတ်အဖွဲ့သည် ပြည်ပသို့ ရောက်ရှိနေသည့် ယီမင်သမ္မတ မန်ဆောဟာဒီကို ပြန်လည်နေရာပေးရန်အတွက် ယီမင်ပဋိပက္ခအတွင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မဟာမိတ်တပ်ဖွဲ့သည် ဟူသီသူပုန်များသိမ်းပိုက်ထားသော ဒေသများကို ပြန်လည်ရယူရန်နှင့် ယီမင်သမ္မတ ဟာဒီအား ပြန်လည်နေရာရရှိရေးအတွက် ဟူသီသူပုန်များကို လေကြောင်းချီတိုက်ခိုက်မှု ထောင်နှင့်ချီကာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ပွဲအတွင်း ယီမင်နိုင်ငံသား ၁၀၀၀၀ ကျော်သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်ကြကာ နိုင်ငံသည်လည်း အစာရေစာငတ်မွတ်ခေါင်းပါးမှုများဖြင့် စစ်တလင်းအသွင်သို့ ရောက်ရှိလာခဲ့သည်။

**ဆင်ဟွာ**



# ကိုလံဘီယာ၌ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ် ပျက်ကျရာ လူခုနစ်ဦးထက်မနည်း သေဆုံး

**ဘိုဂိုတာ ဇန်နဝါရီ ၁၇**

ကိုလံဘီယာနိုင်ငံ၌ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအနောက်မြောက်ပိုင်း အန်တီယိုကွာပြည်နယ်တွင် ယမန်နေ့က ပျက်ကျသွားခဲ့ရာ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်အရ သိရသည်။

လေတပ်လောင်စာဆီထောက်ပံ့မှု ထိန်းသိမ်းရေးလုပ်ဆောင်ရန်နှင့် ထောက်ပံ့ရေးနေရာများကို ကြည့်ရှုစစ်ဆေးရန် သွားရောက်စဉ် ယခုကဲ့သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။



ပျက်ကျစစ်ဘက်ဆိုင်ရာရဟတ်ယာဉ် အင်မ်အိုင်-၁၇ ပေါ်တွင် လူ ၁၀ ဦး လိုက်ပါသွားခဲ့ပြီးနောက် ကော့ကေစီယာမြို့အနီးပတ်ဝန်းကျင်ဒေသတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း ကိုလံဘီယာနိုင်ငံ စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်ခဲ့သည်။

ပျောက်ဆုံးလျက်ရှိသော အခြားလူသုံးဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ အဆိုပါရဟတ်ယာဉ်သည် ရဟတ်ယာဉ်မှူးများနှင့် ရဟတ်ယာဉ်ဝန်ထမ်း လေးဦးနှင့် ခရီးသည် ခြောက်ဦးကို တင်ဆောင်သွားကြောင်း စစ်ဘက်ဆိုင်ရာက ဆက်လက်ပြောကြားသည်။

လေယာဉ်ပျက်ကျသည့်နေ့တွင် ရာသီဥတုအခြေအနေမှာ ဆိုးရွားလျက်ရှိကြောင်း အမှတ် ၄ တပ်မမှူး ဗိုလ်ချုပ်ကြီး ဂျူအန်ကားလို့စ်ရာမီရာဇ်ထရူဂျီလိုက သတင်းထောက်များကို ပြောခဲ့သည်။ ပျောက်ဆုံးနေသူများကို ရှာဖွေရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အန်တီယိုကွာပြည်နယ် ဆီဂိုဗီယာမှာ စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်ပျက်ကျပြီး လူများသေဆုံးသွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရကြောင်း ကိုလံဘီယာနိုင်ငံသမ္မတ ဂျူအန်မန်နျူရယ်ဆန်တို့စ်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# ကျောင်းပေါင်း ၆၀ ဆောက်လုပ်ရန် ဆော်ဒီအစိုးရ တင်ဒါခေါ်ယူ

**ဒူဘိုင်း ဇန်နဝါရီ ၁၇**

နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေပေါ်တွင် ကျရောက်နေသည့် ဖိအားများကို လျော့ပါးသက်သာစေရန်အတွက် စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ဆော်ဒီအာရေဗျ ပညာရေးဝန်ကြီးဌာနသည် ကျောင်းပေါင်း ၆၀ ကို တည်ဆောက်သွားရန် ပုဂ္ဂလိကကုမ္ပဏီများအား တင်ဒါခေါ်ယူခဲ့ကြောင်း သိရသည်။

လုပ်ငန်းစီမံကိန်းများကို စီမံဆောင်ရွက်လျက်ရှိသည့် အစိုးရပိုင် ကော်ပိုရေးရှင်းလုပ်ငန်းစုဖြစ်သည့် Tatweer Buildings ကုမ္ပဏီက လေလံအောင်မြင်သူသည် ဂျက်ဒါနှင့် မက္ကာရှိ မူလတန်းမှ အလယ်တန်းအထိ ကျောင်းပေါင်း ၆၀ ကို ဒီဇိုင်းရေးဆွဲရန်၊ တည်ဆောက်ရန်နှင့် ထိန်းသိမ်းရန် အထူးအခွင့်အရေးရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**

# သမ္မတထရန့် ကျန်းမာရေးကောင်းမွန်ပြည့်စုံလျက်ရှိကြောင်း အိမ်ဖြူတော်မှ ဆရာဝန်များပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ကျန်းမာရေးဆိုင်ရာ အဖြာဖြာသည် ပြည့်စုံကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်းသည် သိမြင်မှုပိုင်းဆိုင်ရာ စိစစ်မှုတွင်လည်း ကောင်းစွာလုပ်ဆောင်နိုင်ကြောင်း အိမ်ဖြူတော်မှ ဆေးပညာရှင်များက အင်္ဂါနေ့က ပြောကြားခဲ့သည်။

အသက် ၇၁ နှစ်ရှိပြီဖြစ်သည့် ဒေါ်နယ်ထရန့်သည် အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံးသမ္မတတစ်ဦးဖြစ်ပြီး ယင်းအသက်အပိုင်းအခြားတွင် တာဝန်ယူဆောင်ရွက်နေရမှုကြောင့် ၎င်း၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ မေးခွန်းများစွာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် တရုတ်ဆက်ဆံရေး လွန်စွာအရေးကြီးဟု ဂူတာရက်စ် ပြောကြား

**ဂျီနီဗာ ဇန်နဝါရီ ၁၇**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးမှာ လွန်စွာအရေးကြီးသည်ဟု အင်္ဂါနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနှစ်နိုင်ငံတို့၏ ဆက်ဆံရေးအခြေအနေနှင့်ပတ်သက်၍ မေးမြန်းမှုကို သတင်းစာရှင်းလင်းပွဲတစ်ခု၌ ဖြေကြားခဲ့ရာတွင် ဂူတာရက်စ်က နိုင်ငံတကာအရေးကိစ္စများတွင် တရုတ်နိုင်ငံက ယခင်ကထက် ပိုမိုလွှမ်းမိုးလာမှုသည် ကောင်းမွန်သောဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ပင်ဖြစ်၍ ကြိုဆိုထိုက်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုက အစဉ်အလာအရ စွမ်းအားကြီးမားသည့်နိုင်ငံအဖြစ် တည်ရှိနေမှုနှင့်အတူ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား အပြုသဘောဆောင်ပြီး ကောင်းကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေးအခြေအနေရှိခြင်းသည် လုံးဝအရေးပါအရာရောက်ကြောင်း ဂူတာရက်စ်က ထပ်မံပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့်ရုရှား၊ ရုရှားနှင့်တရုတ်နိုင်ငံနှင့် အခြားသောအင်အားကြီးနိုင်ငံများတွင် ကောင်းမွန်သော ဆက်ဆံမှုရှိရန် လွန်စွာအရေးကြီးကြောင်း ၎င်းက ဖွင့်ဟခဲ့သည်။ ကုလသမဂ္ဂအကြီးအကဲသည် ရာသီဥတုပြောင်းလဲမှု၊ သာတူညီမျှမရှိမှုနှင့် အမျိုးသားရေးဝါဒနှင့်ပတ်သက်၍ ၎င်းအနေဖြင့် စိုးရိမ်ပူပန်ရမှုများကိုလည်း အလေးပေးဖော်ပြခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုများ

### မာဒါဂါစကာနိုင်ငံ၌ အပူပိုင်းမုန်တိုင်းတိုက်ခတ်ပြီး နောက်ထပ်မုန်တိုင်းတစ်ခု ဝင်ရန်ရှိ

**အန်တာနန်အရီဗို ဇန်နဝါရီ ၁၇**

မာဒါဂါစကာ နိုင်ငံတွင် အပူပိုင်းမုန်တိုင်း အဝေတိုက်ခတ်မှုကြောင့် လူပေါင်း ၅၁ဦး သေဆုံးခဲ့ပြီး ၂၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ် ထိန်းချုပ်ရေးဌာနက မကြာသေးမီတွင် သတင်းထုတ်ပြန်ခဲ့သည်။

လွန်ခဲ့သောရက်ပိုင်းက ဝင်ရောက်ခဲ့သော အပူပိုင်းမုန်တိုင်း အဝေကြောင့် မာဒါဂါစကာနိုင်ငံတွင် လူပေါင်း ၅၄၀၀၀ ကို အရေးပေါ်ပြောင်းရွှေ့ခဲ့ရပြီးနောက် လူပေါင်း ၁၆၀၀၀ကျော် ဘေးဒုက္ခကြုံတွေ့ခဲ့ကြောင်း သိရသည်။

မာဒါဂါစကာ အစိုးရအနေဖြင့် မုန်တိုင်းဖြတ်သန်းမည့် လမ်းကြောင်း တစ်လျှောက် အနီရောင်သတိပေးချက်များထုတ်ပြန်ခဲ့ပြီး လိုအပ်သော ကူညီကယ်ဆယ်မှုများ လုပ်ဆောင်နိုင်ရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

နောက်ထပ် အပူပိုင်းမုန်တိုင်းတစ်ခုဖြစ်သော ဗီဂီတာမုန်တိုင်းသည် ယခင်မုန်တိုင်းထက် ပိုမိုပြင်းထန်သည့် မုန်တိုင်းအဖြစ်ဆက်လက်တည်ရှိနေပြီး လာမည့် ငါးရက်အတွင်း မာဒါဂါစကာနိုင်ငံအတွင်း ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။ သို့သော်လည်း မုန်တိုင်းမှာ အားပျော့သွားနိုင်သည့် အနေအထားဖြစ်ကာ စိုးရိမ်ဖွယ်မရှိကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

### ကိုလံဘီယာ၌ တံတားပြိုကျရာ အနည်းဆုံး လူ ၁၀ဦး သေဆုံး

**ဘိုဂိုတာ ဇန်နဝါရီ ၁၇**

ကိုလံဘီယာအလယ်ပိုင်းတွင် ယမန်နေ့က ဆောက်လက်စ တံတားတစ်စင်းပြိုကျခဲ့ရာ အနည်းဆုံး လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

လူကိုးဦး အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ပြီးတစ်ဦးမှာ ဆေးရုံရောက်မှ သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ပြိုကျမှုဖြစ်ပွားခဲ့သော တံတားသည် မြို့တော် ဘိုဂိုတာမြို့နှင့် အနီးအနားရှိ ဗီလာဗီစင်စီရိုမြို့ကို ဆက်သွယ်ပေးထားသော အဝေးပြေးလမ်းမ၏ လမ်းပိုင်းတစ်နေရာရှိ တံတားဖြစ်ကြောင်းသိရပြီး တံတားပြိုကျမှုဖြစ်စဉ်တွင် အခြားလူနှစ်ဦးလည်း ပျောက်ဆုံးနေပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ ဆောက်လုပ်ရေး အလုပ်သမားများဖြစ်ပြီး အမြင့် ၂၈၀ မီတာဝန်းကျင်ရှိ နေရာမှပြုတ်ကျခဲ့ခြင်း ဖြစ်ကြောင်း တံတားပြိုကျမှု ဖြစ်ချိန်တွင် အဆိုပါ တံတားပေါ်တွင် အလုပ်သမား ၂၀ ခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုပြိုကျသည့် တံတားသည် ဆောက်လက်စ တံတားတစ်စင်းဖြစ်ပြီး ပြီးစီးရန် မီတာ ၂၀ ခန့်သာလိုတော့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ မာကယ်နဲ့ မက်ခရွန် ပူးပေါင်းခဲ့မယ်ဆိုပါက သမ္မတဒေါ်နယ်ထရန့်အတွက် ဘယ်လိုဖြစ်မလဲ

**တင်လင်းအောင်**



ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ လာမယ့်အပတ် ဒါဗို့စ်မှာ ကျင်းပမယ့် ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ပြင်သစ်သမ္မတ အန်မန်နျူရယ်မက်ခရွန်နဲ့ ဆွေးနွေးဖို့ ဆုံးဖြတ်ထားတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ အကယ်၍သာ အဲ့လိုတွေ့ဆုံခဲ့မယ် ဆိုပါက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ ကြီးမားတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာမလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

စက်တင်ဘာလ ဂျာမန် ရွေးကောက်ပွဲကတည်းက ပါတီတွေအကုန်လုံးကို စည်းရုံးသိမ်းသွင်းဖို့ ကြိုးစားနေတဲ့ ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ Swiss Alps မှာ ခေါင်းဆောင်တွေ၊ စီအီးအိုတွေ၊ ဘဏ်လုပ်ငန်းရှင်တွေ၊ ထင်ရှားကျော်ကြားသူတွေနဲ့ နှစ်စဉ်နှစ်တိုင်းတွေ့ဆုံမှုကို ပြုလုပ်နိုင်မယ် မထင်ပါဘူး။

သို့သော်လည်း ယာယီညွန့်ပေါင်းဖွဲ့နိုင်ရေးအတွက် ဗဟိုလက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်ပါတီနဲ့ ကနဦးသဘောတူညီချက်ရရှိပြီးနောက် ဂျာမန်အရာရှိတွေက မာကယ်အနေနဲ့ ဒါဗို့စ်ကို သွားရောက်နိုင်တယ်လို့ ပြောခဲ့ပါတယ်။ အဲလို သွားရောက်မယ်ဆိုရင် ဖိုရမ်နောက်ဆုံးနေ့မှာ ဆွေးနွေးဖို့ရှိတဲ့ ထရန့်နဲ့ ထိပ်တိုက်တွေ့ဆုံမှာ ဖြစ်ပါတယ်။

အကယ်၍အဲ့ဒီလိုသာတွေ့ဆုံခဲ့မယ် ဆိုပါက ဒါဟာ ကမ္ဘာ့ဇာတ်ခုံပေါ်ကို ဂျာမန်ဝန်ကြီးချုပ် မာကယ်အနေနဲ့ နောက်တစ်ဖန် ပြန်လည်ဝင်ရောက်လာပြီဆိုတာ မီးမောင်းထိုးပြသလိုက်ပါပဲ။ ထို့အတူပဲ အခုလိုသာ တွေ့ဆုံခဲ့မယ်ဆိုပါက အန်ဂျလာမာကယ်နဲ့ ဇန်နဝါရီ ၂၄ ရက်မှာ ဆွေးနွေးဖို့ရှိတဲ့ မက်ခရွန်တို့ဟာ ဗြိတိန်ခွဲထွက်ပြီးနောက် ဥရောပသမဂ္ဂကို ပြန်လည်ဖွဲ့စည်းဖို့ရာ သူတို့ရဲ့ကတိကဝတ်တွေကို ထပ်လောင်းအတည်ပြုခွင့်ရရှိမှာဖြစ်သလို ထရန့်ရဲ့ အမေရိကန်သည်သာပထမဆိုတဲ့ မူဝါဒကို ဖက်ပြိုင်အန်တုမယ့် လစ်ဘရယ် ဒီမိုကရက်တစ်တန်ဖိုး စံနှုန်းတွေကို ခုခံကာကွယ်မှုလည်း ပြုလုပ်သွားနိုင်မှာပဲ ဖြစ်ပါတယ်။

အန်ဂျလာမာကယ်ရဲ့ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဆိုင်းဘတ်ကို မာကယ့်အနေနဲ့ ဒါဗို့စ်ကို တက်ရောက်ဖြစ်လား၊ မဖြစ်ဘူးလားဆိုတာနဲ့ ပတ်သက်ပြီး မေးမြန်းခဲ့သော်လည်း သူ့အနေနဲ့ အင်တင်တင်လုပ်နေပါတယ်။ ဒီအခြေအနေဟာ ပိုပြီးစိတ်ဝင်စားစရာကောင်းပါတယ်။

အကယ်၍သာ မာကယ့်အနေနဲ့ ဘာမှ ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ ဒါဗို့စ်အစည်းအဝေးကို ဘွားခနဲ တက်ရောက်လာပါက အဲ့ဒီအစည်းအဝေးကို တက်ရောက်လာမယ့် နိုင်ငံပေါင်း ၆၀ လောက်က နိုင်ငံ့ခေါင်းဆောင်တွေ အနေနဲ့ လှုပ်လှုပ်ရှားရှားစိတ်ဝင်စားမှုတွေ ရှိလာမှာပဲ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့အနေနဲ့ မာကယ်ဟာ ယာယီညွန့်ပေါင်းဖွဲ့မှုတွေနဲ့ ပြည်တွင်းမှာ ရှုပ်ထွေးနေမှာပဲလို့ ယူဆထားကြလို့ပါပဲ။ သို့သော်လည်းပဲ "Creating a Shared Future in a Fractured World" ခေါင်းစဉ်နဲ့ ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပမယ့် ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ မာကယ့်ကိုသာ တွေ့လိုက်ရမယ်ဆိုပါက သူ့အနေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ရင်ဆိုင်တွေ့မှာပဲ ဖြစ်ပါတယ်။

မာကယ့်အနေနဲ့ ဗဟိုလက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်ပါတီနဲ့ ကနဦးသဘောတူညီချက်ရရှိပြီးနောက်မှာတော့ ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ရောက်ဖို့ သူ့အနေနဲ့ အခွင့်အလမ်းပိုမိုရရှိလာမှာပဲ ဖြစ်ပါတယ်။ ယခုအချိန်အထိ မည်သည့်အဆုံးသတ်ဆုံးဖြတ်ချက်မျှ မချမှတ်ရသေးကြောင်း ဂျာမန်အရာရှိတွေက ပြောပါတယ်။ ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်အနေနဲ့လည်း နောက်တစ်ပတ် တနင်္ဂနွေနေ့ ဘွန်းမှာကျင်းပမယ့် ဗဟိုလက်ဝဲယိမ်းဆိုရှယ်ဒီမိုကရက်ပါတီကွန်ဂရက်ရဲ့အဆုံးသတ်ရလဒ်ကို စောင့်မျှော်ရမှာပဲ ဖြစ်ပါတယ်။ မာကယ့်အနေနဲ့လည်း ဒီအရေးနဲ့ပတ်သက်ပြီး စိတ်မအေးနိုင်သေးသရွေ့တော့ ဒါဗို့စ် ကမ္ဘာ့စီးပွားရေးဖိုရမ်ဘက်ကို ခြေဦးလှည့်နိုင်ဦးမှာမဟုတ်သေးပါဘူး။

ဒါဗို့စ် ကမ္ဘာ့စီးပွားရေး ဖိုရမ်စီစဉ်သူတွေကတော့ မာကယ့်အနေနဲ့ ဖိုရမ်တက်ရောက်မလား၊ မတက်ရောက်ဘူးလားဆိုတာနဲ့ ပတ်သက်ပြီး စဉ်းစားနေတုန်းပဲလို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အကယ်၍များ မာကယ်သာ တက်ရောက်ခဲ့မယ် ဆိုပါက သူ သို့မဟုတ် မက်ခရွန်အနေနဲ့ အမေရိကန်သမ္မတ ထရန့်နဲ့ ရင်ဆိုင်တွေ့နိုင်ကြောင်း ပြောခဲ့ပါတယ်။

ယခုနှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်ကို အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ဇန်နဝါရီ ၂၃ ရက်မှာ ဖွင့်လှစ်ပေးမှာ ဖြစ်ပါတယ်။ ထို့အတူ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ၊ ကနေဒါမှ ဂျက်စတင်ထရူး ဒီယူ၊ အစ္စရေးမှ ဘန်ဂျမန်နေတန်ယာဟု၊ မင်းသမီး ကိတ်ဘလန်ချက်၊ ဂီတအကျော်အမော် အယ်လ်တွန်ဂျွန်တို့လည်း တက်ရောက်မယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့နှစ် ကမ္ဘာ့စီးပွားရေးဖိုရမ်မှာတော့ အမေရိကန်သမ္မတ ထရန့်အနေနဲ့ တစ်ခေတ်ဆန်းသစ်လာပြီး ကမ္ဘာ့ခေါင်းဆောင်ပိုင်းမှာတော့ တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ ဆန္ဒပြင်းပြမှုကိုတော့ အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အဲဒီအချိန်ကတည်းက အမေရိကန်သမ္မတထရန့်ဟာ အာရှတိုက်နိုင်ငံတွေနဲ့ လွတ်လပ်တဲ့ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်မှု သဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုကို ဆွဲထုတ်ခဲ့ပါတယ်။ ပြီးတော့လည်း ပါရီရာသီဥတု ပြောင်းလဲရေးဆိုင်ရာ သဘောတူညီချက်မှလည်း နောက်ပြန်ဆုတ်ခဲ့ပါတယ်။ ထို့အတူ အီရန်နဲ့ အနောက်နိုင်ငံကြား သဘောတူခဲ့တဲ့ အီရန်ရဲ့နျူကလီးယားအစီအစဉ်ကို လျှော့ချဖြတ်တောက်နိုင်ရေးအတွက် ခြိမ်းခြောက်မှုတွေလည်း လုပ်ခဲ့ပါတယ်။

ထို့အပြင် အမေရိကန်သမ္မတ ထရန့်ဟာ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲလို့ စကားတောင် စစ်ခင်းလိုက်ပါသေးတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်က နိုင်ငံတကာမှာ ပွက်လောရိုက်အောင် လုပ်ခဲ့ပါသေးတယ်။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ဟေတီနဲ့ အာဖရိကနိုင်ငံတွေကို ညစ်ပတ်တဲ့နိုင်ငံတွေလို့ တင်စားပြောဆိုလိုက်ခြင်းပဲ ဖြစ်ပါတယ်။ အဲဒီစကားကို အိမ်ဖြူတော်အစည်းအဝေးကို တက်ရောက်ခဲ့တဲ့ ကွန်ဂရက်အဖွဲ့ဝင်တစ်ဦးက ပြန်လည်ပြောပြခဲ့ခြင်းပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ စနေနေ့တုန်းကတော့ ဆွစ်ဇာလန်နိုင်ငံ ဘန်းမြို့မှာ ဆန္ဒပြသူ ၅၀၀ လောက်ဟာ ကမ္ဘာ့စီးပွားရေး ဖိုရမ်ကို တက်ရောက်မယ့် ထရန့်ရဲ့အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုမှာတော့ သူလုပ်တာကို ထောက်ခံတဲ့သူဟာ ၄၀ ရာခိုင်နှုန်းလောက်ပဲရှိမှာဖြစ်ပြီး ဒါဗို့စ်မှာတော့ ၅ ရာခိုင်နှုန်းတောင် ပြည့်ချင်မှပြည့်မှာဖြစ်ပါတယ်လို့ ဒါဗို့စ်အစည်းအဝေးမှာ ပုံမှန်တက်ရောက်သူဖြစ်တဲ့ ယူရေးရှားအုပ်စုနိုင်ငံရေးဆိုင်ရာ အကြံပေးဥက္ကဋ္ဌ အီရန်ဘရန်မာက ဆိုပါတယ်။

၂၀၀၀ ပြည့်နှစ် အမေရိကန် သမ္မတ ဘီလ်ကလင်တန်လက်ထက်မှစကာ ယခုအချိန်ထိ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်မယ့် အမေရိကန်သမ္မတတွေထဲမှာ ထရန့်ဟာ ပထမဆုံးအမေရိကန် သမ္မတဖြစ်လာမှာဖြစ်ပါတယ်။ အဲဒီ ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ ထရန့်ဟာ ကိုယ်စားလှယ်အင်အားတောင့်တောင့်တင်းတင်းနဲ့ သွားရောက်မှာဖြစ်တယ်လို့ သိရပါတယ်။ ထရန့်ရဲ့ ကိုယ်စားလှယ်အဖွဲ့ထဲမှာတော့ သူ့ရဲ့ သမက် ဂျာရက်ကူရှ်နာ၊ ဘဏ္ဍာရေးဝန်ကြီး စတိဗ်မြူချင်နှင့် နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်တို့ ပါဝင်ကြမှာဖြစ်ပါတယ်။ ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာမာကယ်ဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ အနေအထားတင်းမာတဲ့ ဆက်ဆံရေးရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထရန့်ဟာ မာကယ်ရဲ့ မဲဆွယ်စည်းရုံးရေးကာလမှာ လေ့စီးဒုက္ခသည် အမြောက်အမြားကို လက်ခံတဲ့အတွက် ဂျာမနီနိုင်ငံ ပျက်စီးမှာပဲလို့ ပြောခဲ့လို့ပဲ ဖြစ်ပါတယ်။

> "အန်ဂျလာမာကယ်ဟာ လစ်ဘရယ် ဒီမိုကရက်တစ်ရဲ့စံနှုန်းနဲ့ တန်ဖိုးတွေကို နောက်ဆုံး ခုခံကာကွယ်မှုပြုနေတဲ့ ခံတပ်ကြီးပဲ ဖြစ်ပါတယ်လို့ အနောက်မီဒီယာတွေက ချီးမွမ်းခန်းဖွင့်ထားပါတယ်။ ထိုအချိန်မှစကာ မက်ခရွန်က သူမကို အထင်ကြီးသဘောကျလာခဲ့"

အန်ဂျလာမာကယ်ဟာ လစ်ဘရယ် ဒီမိုကရက်တစ်ရဲ့ စံနှုန်းနဲ့ တန်ဖိုးတွေကို နောက်ဆုံးခုခံကာကွယ်မှုပြုနေတဲ့ ခံတပ်ကြီးပဲ ဖြစ်ပါတယ်လို့ အနောက်မီဒီယာတွေက ချီးမွမ်းခန်းဖွင့်ထားပါတယ်။ ထိုအချိန်မှစကာ မက်ခရွန်က သူ့ကို အထင်ကြီးသဘောကျလာခဲ့ပါတယ်။ ထို့ကြောင့်ပဲ လွတ်လပ်တဲ့ကုန်သွယ်ရေးကို ထောက်ခံအားပေးမှုတွေ လုပ်ခဲ့ပါတယ်။ ဒီလိုပဲ အမေရိကန် သမ္မတကို ထိပ်တိုက်ရင်ဆိုင်မှုတွေလုပ်တဲ့အခါမှာ သူတို့နှစ်ယောက်ဟာ အင်အားကောင်းတဲ့ မဟာမိတ်တွေ ဖြစ်လာမှာပဲဖြစ်ပါတယ်။ မက်ခရွန်ဟာ ဥရောပအကြောင်း ပြောမှာမဟုတ်ပါဘူး။ သူဟာ ဥရောပလက်အောက်မှာ လွတ်လပ်တဲ့ကမ္ဘာကြီး ဖြစ်ပေါ်လာဖို့ ဖန်တီးမှာပါလို့ လန်ဒန်ရှိ ဘဏ်ကြီးရှင်အဖွဲ့ချာတန်ဟောက်စ်ရဲ့ညွှန်ကြားရေးမှူး ရော်ဘင်နစ်ဘ်လစ်က ပြောခဲ့ပါတယ်။ အကယ်၍မက်ခရွန်သာ မာကယ်နဲ့ပေါင်းမိပါက ယခုတစ်ကြိမ် ကျင်းပမယ့် ကမ္ဘာ့စီးပွားရေးဖိုရမ်ဟာ ပိုပြီး သက်ဝင်လှုပ်ရှားလာမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား-ရိုက်တာ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ကက) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းမှ ဖျက်သိမ်းလျှင် သို့မဟုတ် ရပ်စဲခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက်သာလျှင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျှင် သို့မဟုတ်

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်း မရှိလျှင် သို့မဟုတ်

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းသည် သင့်လျော်မှန်ကန်သည်ဟု တရားရုံးကထင်မြင်လျှင် ၎င်းအပြင်

(၄) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ဤဥပဒေပါ ကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ပေါ်ပေါက်ပါက ယင်း၏ ကြွေးမြီများကို ပေးချေနိုင်ခြင်းမရှိဟုမှတ်ယူရမည်-

(ကက) လွှဲအပ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေကုမ္ပဏီက ကျပ်နှစ်သိန်းငါးသောင်းထက်ပိုမိုသော ငွေတစ်ရပ်ကို ပေးချေရန်ရှိသည့်မြီရှင်တစ်ဦးက မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီအပေါ်တွင် ထိုကုမ္ပဏီထံမှ ၎င်းက ရရှိမည့်ငွေများကို ပေးချေစေရန်အတွက် တောင်းဆိုချက်တစ်ရပ်ကို ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းနေရာသို့ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးကလက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင်၊ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် တောင်းဆိုချက်ကို လက်ခံရရှိပြီးနောက် ၂၁ရက်အတွင်း ထိုငွေကိုပေးချေရန် ပျက်ကွက်ခဲ့လျှင်၊ သို့မဟုတ် မြီရှင်က ကျေနပ်လက်ခံစေမည့် အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများ ပြုလုပ်ရန် ပျက်ကွက်ခဲ့လျှင်၊

(ခခ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူအဖြစ်ရှိသူထံမှ ကြွေးမြီ သို့မဟုတ် တောင်းဆိုထားသည့် ငွေများအတွက် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးအပေါ်တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့လျှင်၊ အဆိုပါ တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှု တစ်ရပ်ရပ်အတွက်စာဖြင့်ရေးသားထားသည့် အကြောင်းကြားစာကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီထံသို့ ထိုကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းနေရာသို့ပေးပို့ခြင်းဖြင့်ဖြစ်စေ၊ ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အရာရှိများထံသို့ ပေးပို့၍ဖြစ်စေ၊ တရားရုံးကလက်ခံသော သို့မဟုတ် ညွှန်ကြားသော နည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီသည် အကြောင်းကြားစာအား လက်ခံရရှိပြီးနောက် ၁၀ ရက်အတွင်း အဆိုပါကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကို ပေးချေခြင်း၊အာမခံထားရှိခြင်း သို့မဟုတ် အတိုးပေးခြင်းများပြုလုပ်ရန် ပျက်ကွက်လျှင် သို့မဟုတ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုကို ဆိုင်းငံ့ထားစေရန် မပြုလုပ်ခဲ့လျှင် သို့မဟုတ် ထိုသို့တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုအပေါ် တရားပြိုင်က ကျေနပ်လက်ခံနိုင်သည့်လျော်ကြေးကို ပေးချေမှုမပြုခဲ့လျှင် အထက်ပါအတိုင်း ၎င်းကကျခံရမည့် ကုန်ကျစရိတ်များ၊ နစ်နာကြေးများနှင့် အသုံးစရိတ်များကို ပေးချေမှု မပြုခဲ့လျှင်၊

(ဂဂ) မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် ထိုကုမ္ပဏီတွင် ပါဝင်သူများ သို့မဟုတ် ထိုကုမ္ပဏီ၏ကိုယ်စား အမည်ခံတရားပြိုင်အဖြစ် တရားစွဲဆိုခံရန်သတ်မှတ်ခံရသူတစ်ဦးဦးအား ဆန့်ကျင်၍ တရားရုံးတစ်ခုခုတွင် မြီရှင်အားအနိုင်ပေးသည့် ဒီကရီ သို့မဟုတ် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ်အခြားကိစ္စများကို ဆောင်ရွက်ခြင်းသည် ကျေနပ်ဖွယ်ရာမရှိခဲ့လျှင်၊

(ဃဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီသည် ယင်း၏ ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးက လက်ခံနိုင်မည့် အခြားသော သက်သေခံတင်ပြချက်များ ရှိခဲ့လျှင်။

(ဂ) ဤအပိုင်းတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခြားသက်ဆိုင်ရာ ဥပဒေ သို့မဟုတ်ဤဥပဒေအရဖျက်သိမ်းထားသည့် ဥပဒေတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအဖြစ်လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုအဖြစ်လည်းကောင်း ဖျက်သိမ်းမည့် ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုအတွက် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထိခိုက်ခြင်းမရှိစေရ။ သို့သော် ဖျက်သိမ်းထားသည့် ပြဋ္ဌာန်းချက်များကို ရည်ညွှန်းထားသည့်ကိစ္စရပ်များကို ဤဥပဒေ၏ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ (ရှိခဲ့လျှင်)ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ကြွေးမြီပေးဆပ်ရသူများ**

၄၁၄။ (က) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်ကိုပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက် လည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် ငွေကြေးတစ်ရပ်ရပ်ပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက်လည်းကောင်း၊ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းရာတွင် ကျသင့်သည့် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များကိုပေးချေရန် သို့မဟုတ် ထည့်ဝင်ရန်အတွက်လည်းကောင်း တာဝန်ရှိသူများအားလုံးကို ကြွေးမြီပေးဆပ်ရသူများအဖြစ်မှတ်ယူရမည် ဖြစ်သည်။ ကြွေးမြီပေးဆပ်ရသူများအားလုံးသည်ဖော်ပြပါတာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းတို့ထံမှ ပေးချေရမည့် ငွေပမာဏအားလုံးကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များသို့ ထည့်ဝင်ရန် တာဝန်ရှိသည်။

(ခ) ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် သေဆုံးခြင်း သို့မဟုတ် လူမွဲအဖြစ် သတ်မှတ်ခံရခြင်းများ ဖြစ်ပေါ်ခဲ့လျှင် သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူများ၏ တရားဝင်ကိုယ်စားလှယ်များနှင့်အမွေဆက်ခံသူများ၊ လူမွဲအဖြစ်ခံယူရသော ကြွေးမြီပေးဆပ်ရသူများ၏ လွှဲအပ်ခြင်းခံရသူများနှင့် စပ်လျဉ်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**တရားစွဲဆိုစစ်ဆေးမှုများကိုဆိုင်းငံ့ရန် သို့မဟုတ် ရပ်နားထားရန်ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

၄၁၅။ ကုမ္ပဏီဖျက်သိမ်းရန် လျှောက်ထားတင်ပြပြီးနောက် ကုမ္ပဏီဖျက်သိမ်းသည့်အမိန့် ချမှတ်ခြင်းမပြုမီကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီအပေါ်တရားစွဲဆိုမှုနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားခြင်း၊ ရပ်နားထားခြင်းတို့နှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတွင် မြီရှင်က ထိုသို့ဆိုင်းငံ့ထားရန် သို့မဟုတ် ရပ်နားထားရန် လျှောက်ထားတင်ပြခဲ့လျှင် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများကို ဆိုင်းငံ့ထားရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်အမိန့်အား ဆိုင်းငံ့ထားစေရန် စွဲဆိုမှု**

၄၁၆။ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံး၏ခွင့်ပြုချက်နှင့် တရားရုံးကသတ်မှတ်သည့် စည်းကမ်းချက်များဖြင့် ဆောင်ရွက်သည်မှအပ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ကြွေးမြီတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထိုကုမ္ပဏီ၏ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် တရားစွဲဆိုမှု သို့မဟုတ် စစ်ဆေးဆောင်ရွက်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်းမပြုရ။

**အချို့သော ကိစ္စများတွင် ပစ္စည်းများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များ**

၄၁၇။ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီတွင် ယင်း၏အမည်ဖြင့် တရားစွဲဆိုခြင်း သို့မဟုတ် တရားစွဲဆိုခံနိုင်ခြင်းအတွက် အခွင့်အာဏာမရှိခဲ့လျှင် သို့မဟုတ် အကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်လာလျှင် တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းသည့် အမိန့်ဖြင့်ဖြစ်စေ၊ နောက်ထပ် အမိန့်တစ်ရပ်ရပ်ဖြင့်ဖြစ်စေမှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ သို့မဟုတ် ယင်းကုမ္ပဏီ ကိုယ်စား ယုံကြည်အပ်နှံခြင်းခံရသူများနှင့် သက်ဆိုင်သောရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်နှင့်အခွင့်အရေးများ၊ တာဝန်များ၊ တရားစွဲဆို တောင်းဆိုမှုများအပါအဝင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ၎င်း၏အမည်ဖြင့်အပ်နှံရမည်။ ယင်းနောက် အမိန့်တွင် သတ်မှတ်ဖော်ပြထားသော အဆိုပါပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ဒေသကို ဖော်ပြပါအတိုင်း အပ်နှံရမည်။ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် တရားရုံးက ညွှန်ကြားသည့်အတိုင်း လျော်ကြေးငွေများ (ရှိခဲ့လျှင်)ကို ပေးပြီးနောက် အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ ၎င်း၏အမည်ဖြင့်အမှုများကို စွဲဆိုဆောင်ရွက်ခြင်း သို့မဟုတ် စွဲဆိုသည့်မှုခင်းများနှင့် စစ်ဆေးဆောင်ရွက်မှုများတွင် ခုခံချေပခြင်းတို့ကို မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့် ထိုကုမ္ပဏီ၏ပစ္စည်းများကို ပြန်လည်ရယူခြင်းများအား ထိရောက်စွာဆောင်ရွက်နိုင်စေရန်အတွက် လိုအပ်သလို တရားစွဲဆိုခြင်း သို့မဟုတ် ခုခံချေပခြင်းများကို ပြုလုပ်ရမည်။

**ဤအပိုင်းတွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို ဆက်စပ်အသုံးပြုရခြင်း**

၄၁၈။ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များသည် တရားရုံးဖြင့် ကုမ္ပဏီကို ဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သော ဤဥပဒေ၏ ရှေ့ပိုင်းတွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များအား ကန့်သတ်ထားခြင်းမရှိဘဲ ယင်းတို့နှင့် ဆက်စပ်အသုံးပြုရမည်။ တရားရုံးနှင့် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတို့သည် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီနှင့်စပ်လျဉ်းသည့်ကိစ္စရပ်တွင် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများကို ဖျက်သိမ်းရာတွင် ၎င်းတို့အနေဖြင့် ကျင့်သုံးဆောင်ရွက်နိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။ သို့သော် မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုသည် ယင်းအားဖျက်သိမ်းသည့် ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ ကုမ္ပဏီတစ်ခု ဖြစ်သည်ဟုမှတ်ယူခြင်း မရှိစေရ။ ဤအပိုင်းတွင် ဖော်ပြပါရှိသည့်ကိစ္စရပ်များအတွက်သာလျှင် ကုမ္ပဏီဖြစ်သည်ဟု မှတ်ယူရမည်။

## အပိုင်း (၆)

## မှတ်ပုံတင်အရာရှိနှင့် မှတ်ပုံတင်ရုံး၏ အခွင့်အာဏာများ

### အခန်း(၂၈)

### မှတ်ပုံတင်အရာရှိ၊ မှတ်ပုံတင်ရုံး၊ စာရွက်စာတမ်းများကို မှတ်ပုံတင်ခြင်း၊ စစ်ဆေးကြည့်ရှုနိုင်သည့် အခွင့်အာဏာများနှင့် အခကြေးငွေများ

**မှတ်ပုံတင်အရာရှိ**

၄၁၉။ (က) ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကိုရရှိပြီး ၎င်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် သို့မဟုတ် ထိုဥပဒေများအရ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရမည့်အပြင် အဆိုပါအခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ရာတွင် သို့မဟုတ် ထိုသို့ကျင့်သုံးဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသည်။

(ဂ) ပြည်ထောင်စုဝန်ကြီးသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိအား ညွှန်ကြားနိုင်သည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ယေဘုယျအခြေအနေတွင်သော်လည်းကောင်း၊ အထူးအခြေအနေ တစ်ရပ်ရပ်တွင်သော်လည်းကောင်း လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည့် အခွင့်အာဏာရှိသည်။

(င) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏ လုပ်ငန်းကို ဆက်ခံမည့်ဌာန အဖွဲ့အစည်းတစ်ရပ်ရပ်သို့ မှတ်ပုံတင်အရာရှိ၏ တာဝန်များကို လွှဲအပ်ထားသည့် ကာလတစ်လျှောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ရာထူးနေရာ သို့မဟုတ် အလားတူရာထူးနေရာကိုရယူထားသောသူသည် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကိုကျင့်သုံးနိုင်ပြီး ၎င်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်၏ ကြီးကြပ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်း၏လုပ်ငန်းကို ဆက်ခံမည့်ဌာနအဖွဲ့အစည်းတစ်ရပ်ရပ်၏ အခြားအရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသို့ ၎င်း၏အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို တာဝန်ခွဲဝေအပ်နှင်းနိုင်သည့် အခွင့်အာဏာလည်းပါဝင်သည်။

(စ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်အရာရှိအားခန့်အပ်နိုင်သည့် သို့မဟုတ် မှတ်ပုံတင်အရာရှိ၏ အခွင့်အာဏာများကို အပ်နှင်းနိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်းမရှိစေရ။

**မှတ်ပုံတင်ရုံးများ**

၄၂၀။ (က) ဤဥပဒေအရ ကုမ္ပဏီများကို မှတ်ပုံတင်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုဝန်ကြီးက သင့်သည်ထင်မြင်သည့်နေရာများတွင်ရုံးများဖွင့်လှစ်ရမည်ဖြစ်ပြီး မည်သည့်ကုမ္ပဏီမျှ အဆိုပါဖွင့်လှစ်ထားသည့်ရုံးများအနက် ရုံးတစ်ရုံးတွင်မှတစ်ပါး မှတ်ပုံတင်ခြင်းမပြုလုပ်ရ။

(ခ) ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီများအား မှတ်ပုံတင်ခြင်းအတွက် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်သက်ဆိုင်သည့် လိုအပ်သောစာရွက်စာတမ်းများသည် အစစ်အမှန်ဖြစ်ကြောင်းဖော်ပြနိုင်ရေးအတွက် ရုံးတံဆိပ် သို့မဟုတ် ရုံးတံဆိပ်များကို ပြုလုပ်ဆောင်ရွက်ထားရန် ညွှန်ကြားနိုင်သည်။

**မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရှိခြင်းနှင့် စစ်ဆေးကြည့်ရှုခြင်း**

၄၂၁။ (က) မှတ်ပုံတင်အရာရှိသည် ၎င်းအနေဖြင့် ဤဥပဒေအရ ထိန်းသိမ်းထားရှိရန်လိုအပ်သော မှတ်ပုံတင်စာရင်းများအားလုံးနှင့် ဤဥပဒေအရ ၎င်းထံတင်ပြရသည့် မှတ်တမ်းများ အားလုံးကို ပြုစုထားရှိထိန်းသိမ်းရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်တမ်းများနှင့်မှတ်ပုံတင်စာရင်းများကို အီလက်ထရွန်နစ်နည်းဖြင့် ဆန်းသစ်ခြင်း၊ တင်ပြခြင်း၊ စုစည်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ဤဥပဒေအရ မှတ်ပုံတင်ရမည့် အဖွဲ့အစည်းများအားလုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် ထိုစနစ်များနှင့် လုပ်ငန်းစဉ်များကို ထူထောင်ခြင်းများအပါအဝင် မှတ်ပုံတင်အရာရှိသို့ အပ်နှင်းထားသည့်တာဝန်များနှင့် ၎င်းကသင့်သည်ထင်မြင်သည့် နည်းလမ်းအတိုင်း ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်တာဝန်များကို ထမ်းဆောင်ရမည်။ ဤပုဒ်မခွဲသည်ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အဆိုပါကိစ္စရပ်များအတွက် ကြီးကြပ်နိုင်သည့်အခွင့်အာဏာများကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ သက်ဆိုင်စေရမည်။

(ဂ) ပုဒ်မခွဲ (ဆ) ကို မဆန့်ကျင်စေဘဲ မှတ်ပုံတင်အရာရှိမှ စာရွက်စာတမ်းအား မှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းကို ခွင့်မပြုခြင်းသည် အဆိုပါ စာရွက်စာတမ်း၏ တရားဝင်မှုကို လည်းကောင်း သို့မဟုတ် တရားမဝင်မှုကိုလည်းကောင်း အဆိုပါစာရွက်စာတမ်းတွင်ပါရှိသည့် သတင်းအချက်အလက်၏ မှန်ကန်မှုကိုဖြစ်စေ၊ အခြားတစ်စုံတစ်ရာကိုဖြစ်စေ သက်ရောက်စေခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်းမရှိစေရ။

(ဃ) အခြားသက်ဆိုင်သော အခွင့်အာဏာများကို ထိခိုက်စေခြင်းမရှိစေဘဲ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) တို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား အကျိုးသက်ရောက်စေရန် လိုအပ်သည့် စည်းမျဉ်းများ၊ နည်းဥပဒေ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်သတ်မှတ်ဖော်ပြနိုင်သည်။ အထူးသဖြင့် ဤဥပဒေအရမှတ်ပုံတင်ထားသောအဖွဲ့အစည်းများနှင့် မှတ်ပုံတင်အရာရှိတို့အကြား အီလက်ထရွန်နစ်နည်းဖြင့် စာရွက်စာတမ်းများအား မှတ်ပုံတင်ခြင်း၊ အီလက်ထရွန်နစ်နည်းဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းများအတွက် လုပ်ငန်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည်။ ဤကိစ္စရပ်များတွင် ဤဥပဒေအရ မှတ်ပုံတင်ထားသော အဖွဲ့အစည်းတစ်ခုခု၏ ပြန်လည်မှတ်ပုံတင်ခြင်းအတွက်လည်းကောင်း၊ ပေးချေရမည့် ငွေကြေးများအတွက်လည်းကောင်း အီလက်ထရွန်နစ်နည်းပညာဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည့်သတ်မှတ်ချက်များကို ထည့်သွင်းဖော်ပြနိုင်သည်။ ထိုအခကြေးငွေသည် အီလက်ထရွန်နစ်နည်းပညာမပါရှိသောနည်းဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် မှတ်ပုံတင်ခြင်းအတွက် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေနှင့် ခြားနားနိုင်မည်ဖြစ်သည်။

(င) မည်သူမဆို မှတ်ပုံတင်အရာရှိက ထိန်းသိမ်းထားသည့် မှတ်ပုံတင်စာရင်းများနှင့် မှတ်တမ်းများကို ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက် စစ်ဆေးကြည့်ရှုနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၁၆)

## သိပ္ပံစာရေးဆရာကိုကိုအောင်

သိပ္ပံပညာ တိုးတက်ထွန်းကားသော ခေတ်သစ်ကာလသို့ ရောက်ရှိလာသည့်အခါ သမုဒ္ဒရာနှင့် ပင်လယ်ပြင်ကြီးများ၌ ဖြစ်ပေါ်သော လှိုင်းအမျိုးမျိုးတို့သည် လေတိုက်ခတ်မှု တစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ အခြားသော အကြောင်းရင်းများစွာရှိနေသည်ကို ရှာဖွေတွေ့ရှိလာကြသည်။ လေတိုက်ခတ်မှုနှင့် လေတိုက်ခတ်ပုံ အမျိုးမျိုးတို့ကြောင့် ဖြစ်ပေါ်လာသောလေလှိုင်းများ၊ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော မုန်တိုင်းလှိုင်းများ၊ ရေပြင်အောက်၌ ပေါ်ပေါက်လေ့ရှိသော ရေအောက်လှိုင်းများ၊ လျှင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်လာသော လျှင်လှိုင်းများ၊ လျှင်ကြောင့် ရေအောက်ကြမ်းပြင်အက်ကွဲရာမှ ဖြစ်ပေါ်လာသော ဆူနာမီလှိုင်းများ စသည်ဖြင့် အုပ်စုခွဲခြား ဖော်ထုတ်နိုင်ခဲ့ကြသည်။

### လှိုင်းအမျိုးအစားများ

မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်ရသောလှိုင်းဖြစ်စေ၊ လှိုင်းတို့၏ပုံစံကို အောက်ပါ အခြေခံအချက်အလက်များဖြင့် ခွဲခြားသတ်မှတ်နိုင်သည်

(က) လှိုင်း၏အလျား
(ခ) လှိုင်းထိပ်အကွာအဝေး
(ဂ) လှိုင်း၏အမြင့်
(ဃ) လှိုင်း၏ရွေ့လျားအမြန်နှုန်း
(င) လှိုင်းဖြစ်ပေါ်မှုအချိန်အတိုင်းအတာ

လှိုင်း၏အလျားဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ် လာသော လှိုင်းအစုအဝေးကြီး၏ အစွန်းနှစ်ဖက်ကြား အကွာအဝေးဖြစ်သည်။ ဥပမာ...ဆူနာမီလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်သည့်အခါ ယေဘုယျအားဖြင့် လှိုင်းအလျားသည် ကီလိုမီတာ ၁၀၀ ခန့်အထိ ရှိနေတတ်သည်။ ထိုအတိုင်းအတာသည် နေပြည်တော်မြို့မှ ရမည်းသင်းမြို့အလွန် ပျော်ဘွယ်မြို့အနီးခန့်အထိသော အကွာအဝေးမျိုးပင်ဖြစ်သည်။

အကြောင်းတစ်စုံတစ်ခုကြောင့် လှိုင်းဖြစ်ပေါ်သည့်အခါ ကပ်လျက်ရှိသော လှိုင်းနှစ်ခု၏ထိပ်များအကြား အတိုင်းအတာသည် လှိုင်းထိပ်အကွာအဝေးပင် ဖြစ်သည်။ လှိုင်းတစ်လုံးနှင့်တစ်လုံးအကြား ချိုင့်ဝင်နေသည့် အနိမ့်ဆုံးနေရာနှင့် လှိုင်းထိပ်ကြားအကွာအဝေးကို လှိုင်း၏အမြင့်ဟု သတ်မှတ်သည်။ လှိုင်းလုံးတစ်ခု၏ ရွေ့လျားသည့်နှုန်းမှာ လှိုင်း၏ အမြန်နှုန်းဖြစ်ပြီး လှိုင်းစတင်ဖြစ်ပေါ်ချိန်မှ လှိုင်းများ ငြိမ်သက်သွားသည်အထိ ကြားကာလသည် လှိုင်းဖြစ်ပေါ်မှု အချိန်အတိုင်းအတာပင်ဖြစ်သည်။

ပင်လယ်နှင့် သမုဒ္ဒရာရေပြင်များ၌ ဖြစ်ပေါ်လေ့ရှိသော လှိုင်းအမျိုးမျိုးတို့သည် ဦးတည်ရွေ့လျားရာ အရပ်မျက်နှာ မတူကြသော်လည်း အားလုံးကမူ ကမ်းခြေတစ်ခုခုဆီသို့ ဦးတည်ကြစမြဲဖြစ်သည်။ တစ်ခါတစ်ရံ၌မူ အရပ်မျက်နှာတစ်ခုရှိ ကမ်းခြေတစ်ခုဆီသို့ဦးတည်ရွေ့လျားနေရင်း လမ်းခုလတ်တွင် အင်အားပိုမိုကြီးမားပြီး ဦးတည်ရာမတူသည့် အခြားသော လှိုင်းများနှင့် ထိပ်တိုက်တွေ့ဆုံကာ မူလဦးတည်ရာသို့ မရောက်ရှိတော့ဘဲ ပျောက်ကွယ်သွားလေ့ရှိကြသည်။

ကမ်းခြေများဆီသို့ ဦးတည်ရွေ့လျား ရောက်ရှိလာသော လှိုင်းများသည် ပင်လယ်ကမ်းနဖူးနှင့် ကမ်းခြေသဲသောင်ပြင်များကို ထောင့်မှန်ကျကျ သို့တည်းမဟုတ် ထောင့်မှန်အနေအထားနီးပါးမျှဖြင့် ရိုက်ပုတ်လေ့ရှိကြသည်။ လှိုင်းတို့ ရွေ့လျားရာ လမ်းကြောင်းတစ်လျှောက်တွင် အတားအဆီးရှိနေပါက ထိုအတားအဆီးများကို အနည်းနှင့်အများဆိုသလို တွန်းတိုက်ဖျက်ဆီးပစ်ခဲ့ကြသည်။ ထို့အတူပင် ကမ်းခြေသို့ ဆိုက်ရောက်လာသော လှိုင်းတို့ကလည်း ပင်လယ်ကမ်းနဖူးနှင့် ကမ်းခြေသဲသောင်များကို တအိအိ တတိတိဖြင့် တိုက်စားဖျက်ဆီးလျက် ရှိနေကြသည်။

လှိုင်းထိပ်တစ်ခုနှင့်တစ်ခုအကြား အကွာအဝေး ကြီးမားနေခြင်းသည် လှိုင်းလုံးကြီး မြင့်မားသောကြောင့် ဖြစ်သည်။ တစ်နည်းဆိုရသော် လှိုင်းကပို၍မြင့်လေ...လှိုင်းထိပ်တစ်ခုနှင့်တစ်ခုအကြား ပို၍ဝေးကွာလေဖြစ်သည်။ ကျယ်ဝန်းပြန့်ပြူးသော သမုဒ္ဒရာနှင့်ပင်လယ်ပြင်များ၌ ရောမလှိုင်းလုံးကြီးများ ပေါ်ပေါက်နိုင်သော်လည်း ကမ်းခြေများနှင့် နီးကပ်သည့် ပင်လယ်ကွေ့များ၊ ပင်လယ်အော်များ၌မူ ကြီးမားသောလှိုင်းလုံးကြီးများ ဖြစ်ပေါ်မလာနိုင်ပေ။

မိုးသည်းထန်စွာ ရွာသွန်းနေသည့် အခါမျိုး၌လည်း



ကောင်း၊ ဆီးနှင်းမိုးများ ပမာဏကြီးမားစွာ ရွာချနေသည့် အခါမျိုး၌လည်းကောင်း ကြီးမားသောလှိုင်းတံပိုးကြီးများ ဖြစ်ပေါ်ထကြွလာရန် အခွင့်အလမ်းက သိသိသာသာ လျော့နည်းသွားသည်။ မည်သည့်အကြောင်းကြောင့် လှိုင်းထန်သည်ဖြစ်စေ၊ အပြောကျယ်လှသော ရေပြင်တို့၏ သဘောသဘာဝအရ ရေပြင်၏အပေါ်ယံ၌သာ ဂယက်ထစေပြီး လှိုင်းထိပ်နှစ်ခု၏ အကွာအဝေးတမျှနက်သည့် ရေမျက်နှာပြင်အောက် ရေထုလွှာအတွင်း၌မူ ရေပြင်ပေါ်၌ထကြွလှုပ်ရှားသည့် အတိုင်းအတာအောက် အဆပေါင်းရာနှင့်ချီ၍ လျော့ကျသွားသည်။ တစ်နည်းဆိုရသော် ရေမျက်နှာပြင်ပေါ်၌ လှိုင်းထန်ပြီး ဂယက်ထနေချိန်တွင် ရေပြင်အောက်၌မူ ထကြွလှုပ်ရှားမှုက မရှိသလောက်ဖြစ်သည်။

### လေတိုက်နှုန်းနှင့် လှိုင်း

သမုဒ္ဒရာနှင့်ပင်လယ်ပြင်တို့အပေါ်မှ လေက ဖြတ်သန်းတိုက်ခတ်သွားသည့်အခါ လေတိုက်နှုန်း နည်းပါးနေချိန်၌ လှိုင်းအသင့်အတင့်သာဖြစ်ပေါ်ပြီး လေတိုက်နှုန်း မြင့်လာသည်နှင့်အမျှ လှိုင်းလုံး၏ အရွယ်အစားက ပို၍ကြီးမားလာသည်။ သမုဒ္ဒရာရေပြင်ကျယ်ကြီးများ၌ ပုံမှန် လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းအမြင့်က ၁၀ ပေကျော်ကျော်မျှသာ မြင့်တက်နိုင်သော်လည်း၊ လေတိုက်နှုန်းက သိသိသာသာ ပြင်းထန်လာသည့်အခါ၌မူ လှိုင်းလုံးကြီးများသည် ၂၅ ပေ မှ ပေ ၅၀ အထိပင် မြင့်တက်လာနိုင်သည်။

ကမ္ဘာ့မြောက်ခြမ်း၌ ကုန်းမြေထုပမာဏက ကြီးမားစွာ ရှိနေသော်လည်း ကမ္ဘာ့တောင်ခြမ်း၌မူ ကုန်းမြေထုပမာဏက နည်းပါးသည့်အားလျော်စွာ၊ ကုန်းမြေထုအကာအကွယ် နည်းပါးသည့် တောင်ပိုင်းသမုဒ္ဒရာများတွင် ရောမလှိုင်းလုံးကြီးများ မကြာခဏဆိုသလို ဖြစ်ပေါ်လာလေ့ရှိသည်။ ထို့ကြောင့်ပင် တောင်အာဖရိကဒေသအနီးရှိ ဂွတ်ဟုပ်အငူတစ်ဝိုက်တွင် ပေ ၁၀၀ ခန့်အထိမြင့်မားသော စူပါလှိုင်းလုံးကြီးများ ပေါ်ပေါက်လာတတ်ခြင်းဖြစ်သည်။

၁၉၃၃ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာဆိပ်ကမ်းမှထွက်ခွာပြီး ဆန်ဒီယေဂိုသို့ ဦးတည်ခုတ်မောင်းခဲ့သည့် သင်္ဘောတစ်စင်းသည် လမ်းခရီးတွင် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ နှုန်းနီးပါး တိုက်ခတ်နေသော မုန်တိုင်းလေပြင်းကြောင့် ၁၁၂ ပေမြင့်သော ရောမလှိုင်းလုံးကြီးများအကြား၌ ခုနစ်ရက်တိုင်တိုင် သက်စွန့်ဆံဖျား ဖြတ်သန်းခဲ့ရသည်။ သင်္ဘောသားများ၏ မလျှော့သောဇွဲလုံ့လနှင့် သတ္တိတို့ကြောင့် ဘေးမသီရန်မခဘဲ ဆန်ဒီယေဂိုသို့ ဆိုက်ကပ်နိုင်ခဲ့သည်။

လေပြင်းနှင့် မုန်တိုင်းကြီးများကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ ဖြစ်ပေါ်လာသော ရောမ လှိုင်းလုံးကြီးများသည် အကယ်စင်စစ်အားဖြင့် ကြောက်စရာအကောင်းဆုံးသော လှိုင်းတံပိုးကြီးများ မဟုတ်သေးပေ။ ထို့ထက် ကြောက်မက်ဖွယ်ကောင်းသော မရဏလှိုင်းလုံးကြီးများမှာ သမုဒ္ဒရာရေပြင်အောက် ၆ ဒသမ ၅ ကီလိုမီတာမျှနက်သော ရေလွှာထု၌ ဖြစ်ပေါ်လာတတ်သည့် ပေ ၃၀၀ ခန့်မြင့်မားသော ရေအောက်လှိုင်းလုံးကြီးများပင် ဖြစ်သည်။

### မရဏလှိုင်းလုံးကြီးများ

ထိုမရဏလှိုင်းလုံးကြီးများ၏ အရွယ်အစားမှာ သမုဒ္ဒရာရေပြင်ပေါ်၌ ပေါ်ပေါက်လာတတ်သည့် အကြီးမားဆုံးနှင့် ကြောက်မက်ဖွယ်အကောင်းဆုံးသော လှိုင်းလုံးကြီးများဟု သင်္ဘောသားတို့က သတ်မှတ်ထားကြသော ရောမလှိုင်းလုံးကြီးများထက်ပင် သုံးဆခန့် မြင့်မားကြီးထွားလျက် ရှိနေသည်။ ၁၉၀၀ ပြည့်နှစ် ကတည်းကပင် စကင်ဒီနေဗီးယန်း သိပ္ပံသုတေသီတို့က ထိုသို့သော ရေအောက်လှိုင်းလုံးကြီးများ ရှိနေသည်ကို ထုတ်ဖော်ကြေညာခဲ့ကြသည်။

သမုဒ္ဒရာရေပြင်နှင့် ပင်လယ်ရေပြင်တို့အပေါ်၌ ဖြစ်ပေါ်သော လှိုင်းအမျိုးမျိုးတို့သည် ရေပြင်ပေါ်၌ ဖြတ်သန်းတိုက်ခတ်သော လေပြင်းနှင့်မုန်တိုင်းကြီးများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ရာ၊ အဆိုပါ လှိုင်းတံပိုးများ ရွေ့လျားလာသည့် လမ်းခရီးတစ်လျှောက်၌ လှိုင်းတံပိုးများ၏ နောက်တွင် လေပြင်း သို့မဟုတ် မုန်တိုင်းက ထက်ကြပ်မကွာ လိုက်ပါလာလျက်ရှိနေသည်။ ထို့ကြောင့်ပင် ကမ်းခြေသို့ ရောက်ရှိရိုက်ခတ်လာသည့် လှိုင်းတံပိုးများသည် လေပြင်းနှင့်မုန်တိုင်းတို့၏ ရှေ့ပြေးနိမိတ်များပင် ဖြစ်ကြသည်။

ဗြိတိန်နိုင်ငံ၏ အနောက်ဘက်ကမ်းခြေ၌ တပ်ဆင်ထားသော ခေတ်မီစက်ကိရိယာများသည် ကီလိုမီတာ ၉၆၀ ခရီးမှ စတင်ရွေ့လျား ရောက်ရှိလာသော လှိုင်းတံပိုးကြီးများအပေါ် မူတည်ပြီး လှိုင်းစတင် ဖြစ်ပေါ်ရာနေရာ၊ လှိုင်း၏ရွေ့လျားနှုန်း၊ လှိုင်းအမြင့်၊ လှိုင်းထိပ်နှစ်ခု၏ အကွာအဝေးတို့ကို ခွဲခြမ်းစိတ်ဖြာ ဖော်ထုတ်နိုင်စွမ်းရှိကြသည်။ ထိုစက်ကိရိယာများ၏ စွမ်းရည်ကြောင့်ပင် ဗြိတိန်ကမ်းခြေသို့ ရောက်ရှိလာသော လှိုင်းတံပိုးများအပေါ်မူတည်ပြီး အတ္တလန္တိတ်သမုဒ္ဒရာမြောက်ပိုင်းရှိ နယူးဖောင်လန်ကျွန်းနှင့် ဂရင်းလန်ကျွန်းတို့၌ တိုက်ခတ်သည့် လေပြင်းနှင့်မုန်တိုင်းများကို ခန့်မှန်းနိုင်သလို... အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းမှ စတင်ပေါ်ပေါက်သော လေပြင်းနှင့်မုန်တိုင်းများကြောင့် အနောက်အိန္ဒိယကျွန်းစုကို ဖြတ်သန်းရွေ့လျား ရောက်ရှိလာသောလှိုင်းများ၏ ဖြစ်ပေါ်မှုကိုလည်း တိကျစွာ သိရှိနိုင်ပြီဖြစ်သည်။

ထို့ကြောင့်ပင် ယနေ့မျက်မှောက်ကာလ၌ လေပြင်းတိုက်ခတ်မှု၊ မုန်တိုင်းဖြစ်ပေါ်မှု၊ လှိုင်းအသင့်အတင့်ဖြစ်ပေါ်မှု၊ လှိုင်းထန်မှု၊ မြေပြင်နှင့်ရေပြင်လေ တိုက်ခတ်မှုစသည့် မိုးလေဝသ ခန့်မှန်းချက်များကို ထုတ်ပြန်နိုင်ခြင်းသည် ထူးဆန်းအံ့သြဖွယ် ကိစ္စတစ်ရပ်မဟုတ်တော့ပေ။

ယနေ့ မျက်မှောက်ကာလတွင် မိုးလေဝသဂြိုဟ်တုမှ တစ်ဆင့် ပေးပို့သောဓာတ်ပုံများနှင့် အချက်အလက်များ၊ ကမ်းစပ်သို့ရိုက်ခတ်လာသော လှိုင်းတံပိုးကြီးများ၏ အင်အားကို တိုင်းတာသော စက်ကိရိယာများ၊ မိုးကြိုးမုန်တိုင်း စောင့်ကြည့်လေ့လာရေး စက်ကိရိယာများ၊ လေဆင်နှာမောင်း လေ့လာစောင့်ကြည့်ရေး ရွေ့လျားရေဒါများ၊ တိုက်ခတ်နေသော မုန်တိုင်းအနီးသို့ချဉ်းကပ်ကာ သတင်းအချက်အလက်များ စုဆောင်း ပေးနိုင်သည့် စက်ရုပ်လေယာဉ်ငယ်များ စသည့် အဆင့်မြင့်နည်းပညာသုံး ခေတ်မီစက်ကိရိယာများက ဖော်ထုတ်ပေးနေသည့် မိုးလေဝသဆိုင်ရာခန့်မှန်းချက်များကို ရယူလျက် ပုံနှိပ်ဖော်ပြပေးခြင်းဖြင့် အများပြည်သူအတွင်း မိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ကြပြီဖြစ်သည်။

ခေတ်မီ စက်ကိရိယာများ တပ်ဆင်ထားခြင်းမျိုးကို မဆိုထားဘိ၊ လူမျိုးစုအချို့သည်ပင်လျှင် မိမိတို့၏ မူရင်းဒေသ၌ ကာလကြာရှည်စွာ နေထိုင်လာကြသည့်အခါ ထိုအရပ်၌ ဖြစ်ပေါ်လေ့ရှိသော မိုးလေဝသအခြေအနေကို အနီးစပ်ဆုံးခန့်မှန်းနိုင်ကြသည်။ သာဓကအားဖြင့် သိပ္ပံပညာကို နားလည်တတ်ကျွမ်းခြင်းလည်းမရှိ၊ လှိုင်းကိုတိုင်းတာသည့် စက်ကိရိယာများလည်း မရှိပါဘဲလျက် ပစိဖိတ်ကျွန်းသားများသည် မိမိတို့ကမ်းခြေကိုရိုက်ခတ်လာသည့် လှိုင်းတံပိုးတို့၏ အနေအထားကိုကြည့်ကာ မုန်တိုင်းကျရောက်နိုင်ခြင်းရှိ မရှိကို အနီးစပ်ဆုံးမှန်ကန်အောင် ခန့်မှန်းနိုင်ကြသည်ကို တွေ့ရှိရသည်။

### ကြိုတင်ထောက်လှမ်းသိရှိနိုင်

ကမ်းစပ်နှင့်ရေလှိုင်းသည် ခွဲခြား၍မရသောအရာများ ဖြစ်သည်နှင့်အညီ လှိုင်းများရွေ့လျားနေပုံ၊ လှိုင်းအလျားနှင့် ရွေ့လျားအမြန်နှုန်းတို့ကို ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးခြင်းဖြင့် ကမ်းစပ်သို့ ရိုက်ခတ်လာဖွယ်ရှိနေသည့် လှိုင်းတံပိုးတို့၏ အင်အားကို ကြိုတင်ထောက်လှမ်း သိရှိနိုင်သလို... ပင်လယ်ကမ်းရိုးတန်းဒေသများအတွက် မိုးလေဝသအခြေအနေကိုလည်း ကောင်းစွာ ခန့်မှန်းနိုင်ကြပြီဖြစ်သည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ တိုက်ပွဲဆင်နွှဲရာတွင် ဗြိတိသျှတို့က သမုဒ္ဒရာရေပြင်၌ဖြစ်ပေါ်သည့် လှိုင်းတံပိုးတို့၏အနေအထားကို လေယာဉ်ပေါ်မှ ဓာတ်ပုံရိုက်ကူးကာ တိုင်းတာလေ့လာခြင်းဖြင့် အထောက်အကူ များစွာပြုပေးခဲ့သည်။

လှိုင်းတို့၏အရွယ်ပမာဏနှင့် ကမ်းစပ်သို့ရိုက်ပုတ်မှု အနေအထားသည် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့အပေါ်၌ တိုက်ခတ်နေသည့် ရိုးရိုးလေပြင်းများနှင့် မုန်တိုင်းလေပြင်းများကို ခွဲခြားပေးနေကြသည်။ ရိုးရိုးလေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သောလှိုင်းဂယက်တို့က အရွယ်အစားတူညီစွာဖြင့် ကမ်းစပ်သို့ ဖြည်းဖြည်းမှန်မှန်ရိုက်ပုတ်သည်။ သို့ရာတွင် မုန်တိုင်းကြောင့်ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများကမူ အရွယ်အစားကလည်း အလွန်ကြီးမားပြီး ကမ်းစပ်သို့ရိုက်ပုတ်ရာ၌လည်း ကျယ်လောင်သောအသံကြီး မြည်ဟည်းကာ အင်အားပြင်းစွာဖြင့် တွန်းတိုက်ကြသည်။

တောင်အမေရိကတိုက် တောင်ဘက်အစွန်းကမ်းခြေများသို့ ရောက်ရှိသော ရောမလှိုင်းတံပိုးကြီးများဆိုလျှင် ကမ်းစပ်သို့ ရိုက်ပုတ်သံမှာ ကျယ်လောင်လွန်းလှသည့်အတွက် ညဉ့်သန်းခေါင်ယံအချိန်မျိုးတွင် ကီလိုမီတာ ၃၀ ကျော်မျှဝေးလံသည့် ကုန်းတွင်းပိုင်းကပင် အတိုင်းသားကြားနေကြရသည်။ အလားတူပင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဂုမ်ဒီဖူကာရေလက်ကြားဒေသ ကမ်းခြေများ၊ စကော့တလန်နိုင်ငံ ရှက်တ်လန်ကျွန်းနှင့် အုပ်တ်နေးကျွန်း ကမ်းခြေများသည်လည်း ကမ်းစပ်သို့ လှိုင်းတံပိုးရိုက်ပုတ်မှု အလွန်ကြမ်းတမ်းပြင်းထန်သော ကမ်းခြေများဖြစ်ကြသည်။

ကမ်းစပ်သို့ရိုက်ပုတ်သော လှိုင်းတံပိုးကြီးများ၏ ကြမ်းတမ်းပြင်းထန်မှု သာဓကတစ်ခုအဖြစ် ၁၈၈၇ ခုနှစ် ဒီဇင်ဘာလ အတွင်းက စကော့တလန်နိုင်ငံ ဝစ်ဒေသ၌ တည်ဆောက်ထားသော တန်ချိန် ၈၀၀ ရှိသည့် သံမဏိအားဖြည့် ကွန်ကရစ်တုံးကြီးသည် မုန်တိုင်းလှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်မှုကြောင့် ယင်းကို တည်ဆောက်ထားသော အောက်ခံ သဘာဝကျောက်ဆောင်ကြီး၏ အစိတ်အပိုင်းတချို့နှင့်အတူ သောင်ပြင်ပေါ်သို့ ပြိုလဲကျဆင်းသွားခဲ့သည်ကို မှတ်တမ်းတင်ထားခဲ့သည်။

ကွန်ကရစ်တုံးကြီးနှင့်အတူ ပဲ့ကျသွားသော သဘာဝကျောက်ဆောင်ကြီး၏ အစိတ်အပိုင်းမှာ တန်ချိန် ၅၅၀ ရှိသည်ဖြစ်ရာ၊ မုန်တိုင်းလှိုင်းတံပိုးကြီးများသည် စုစုပေါင်း အလေးချိန် တန် ၁၃၅၀ ရှိသော ရောမ အတားအဆီးကြီးများကို တွန်းလှဲ ဖြိုဖျက်ခဲ့ခြင်းဖြစ်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ရှိခဲ့ကြရသည်။ ၁၈၉၂ ခုနှစ်သို့ရောက်ရှိသောအခါ ထိုကမ်းခြေ၌ပင် အသစ်ထပ်မံတည်ဆောက်ထားသော တန်ချိန် ၂၆၀၀ ရှိသည့် ရောမကွန်ကရစ်တုံးကြီးကို မုန်တိုင်းလှိုင်းတံပိုးကြီးများက ထပ်မံတွန်းလှဲ ဖြိုချခဲ့ကြပြန်သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု အော်ရီဂန်ကမ်းခြေ၌ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀ ကျော်မြင့်သော ကျောက်ဆောင်ကြီးပေါ်၌ တည်ဆောက်ထားသည့် မီးပြတိုက်ကြီးသည် ကမ်းခြေသို့ ရွေ့လျားဝင်ရောက်လာသော ရောမလှိုင်းတံပိုးကြီးများက ပင့်တင်ပေးလိုက်သည့် ကျောက်တုံးကြီး ထိမှန်ခံရခြင်းကြောင့် ခေါင်မိုး၌စတုရန်းပေ ၂၀ ကျယ်ဝန်းသော အပေါက်ကြီးဖြစ်သွားခဲ့သည်။ တစ်ဆက်တည်း ဆိုသလိုပင် လှိုင်းများကပင့်တင်ပေးလိုက်သော ကျောက်တုံးကြီးငယ် အရွယ်အမျိုးမျိုးတို့သည် အဆိုပါမီးပြတိုက်၏ မှန်ပြတင်းများ အားလုံးကို ခွဲပစ်ခဲ့ကြသည်။ ထိုသာဓကကိုအကြောင်းပြု၍ ကမ်းစပ်သို့ရိုက်ပုတ်လာသော လှိုင်းတံပိုးများသည် သမုဒ္ဒရာနှင့်ပင်လယ်ရေပြင်ပေါ်၌ တိုက်ခတ်နေသည့်လေ၏ ပြင်းအားအပေါ် မူတည်ပြီး အတိုင်းအဆပမာဏကလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးမားပြင်းထန်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ ။

**“ခေတ်မီ စက်ကိရိယာများ တပ်ဆင်ထားခြင်းမျိုးကို မဆိုထားဘိ၊ လူမျိုးစုအချို့သည်ပင်လျှင် မိမိတို့၏ မူရင်းဒေသ၌ ကာလကြာရှည်စွာ နေထိုင်လာကြသည့်အခါ ထိုအရပ်၌ဖြစ်ပေါ်လေ့ရှိသော မိုးလေဝသအခြေအနေကို အနီးစပ်ဆုံးခန့်မှန်းနိုင်ကြသည်။ သာဓကအားဖြင့် သိပ္ပံပညာကို နားလည်တတ်ကျွမ်းခြင်းလည်းမရှိ၊ လှိုင်းကိုတိုင်းတာသည့် စက်ကိရိယာများလည်း မရှိပါဘဲလျက် ပစိဖိတ်ကျွန်းသားများသည် မိမိတို့ကမ်းခြေကိုရိုက်ခတ်လာသည့် လှိုင်းတံပိုးတို့၏အနေအထားကိုကြည့်ကာ မုန်တိုင်းကျရောက်နိုင်ခြင်းရှိ မရှိကို အနီးစပ်ဆုံး မှန်ကန်အောင် ခန့်မှန်းနိုင်ကြသည်ကို တွေ့ရှိရသည်”**

# မြန်မာမှုအနုပညာ ရှေးဟောင်းစပ်ပန်းချီပညာရပ်ဖြင့် ညို့ငင်ဖမ်းစားနေသော ရန်ကုန်မီးပွဲတော်

**မောင်စိန်လွင်(မြန်မာ့အလင်း)**

ယနေ့ကမ္ဘာ့နိုင်ငံကြီးများနှင့် ခေတ်မီအိမ်နီးချင်းနိုင်ငံများတွင် ကျင်းပလျက်ရှိသော မီးပွဲတော်များကဲ့သို့ ပြည်သူများစိတ်နှလုံးရွှင်ပြုံးအေးချမ်းစေရန် အပန်းဖြေမှုပေးသော ရန်ကုန် မီးပွဲတော်။ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ရှေးဦးအနုပညာဖြစ်သော စပ်ပန်းချီပညာရပ်ကို အခြေခံကာ မြန်မာမှု၊ မြန်မာ့ဟန်ဖြင့် သရုပ်ဖော်ထားခြင်းဖြစ်သည်။

စပ်ပန်းချီသည် ရှေးဘုရင်မင်းများခေတ်ကတည်းကတည်ရှိခဲ့သော မြန်မာတို့၏ အနုသုခုမ အမွေအနှစ်တစ်ခုပင်ဖြစ်သည်။ ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်မည့်သူ နည်းပါးခဲ့မှုကြောင့် ယနေ့ တိမ်ကောလုနီးပါးဖြစ်နေသော မြန်မာတို့၏ ရိုးရာအမွေပညာရပ်များထဲတွင် စပ်ပန်းချီသည်လည်း တစ်ခုအပါအဝင်ဖြစ်နေသည်။ သို့သော် ပြည်သူများ စိတ်ဝင်စားမှု မြင့်တက်နေဆဲဖြစ်သည်ကို ယနေ့ ရန်ကုန်မီးပွဲတော်ကြီးက မီးမောင်းထိုးသက်သေပြနေသည်။

**စိတ်ဝင်စားမှုမြင့်တက်နေဆဲ**

ရန်ကုန်မီးပွဲတော်ကြီးကို ပြီးခဲ့သော ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်း၌ စတင်ခင်းကျင်းပြသခဲ့ရာ ယခုဆိုလျှင် ရက်ပေါင်း ၄၅ ရက်ပင် ကျော်ပြီဖြစ်သော်လည်း ပြည်သူများ စိတ်ဝင်စားစွာ လာရောက်လည်ပတ်မှုမှာ မြင့်တက်နေဆဲပင်။ မည်သည့်အရာများက ပြည်သူများကို စိတ်ဝင်စားမှုမြင့်တက်စေပြီး မည်သည့်အရာများက ဖမ်းစားနေသည်ကို အပေါ်ယံကြည့်လျှင် သိနိုင်မည်မဟုတ်။ သို့သော် မြန်မာမှုအနုပညာမြောက်လှသော ရှေးဟောင်းစပ်ပန်းချီပညာရပ်များက ခေတ်လူငယ်များအပါအဝင် လာရောက် အပန်းဖြေသော ပြည်သူများ၏စိတ်ဘဝင်ကို ညို့ငင်ဖမ်းစားနေသည်ကို ယနေ့ခေတ်လူငယ်များ မသိနိုင်သလို လူလတ်ပိုင်းများပင် မသိသလောက် နည်းနေသည်ကသာဓကပင်ဖြစ်နေသည်။

**စပ်ပန်းချီပညာရပ်**

"မီးပွဲတော်မှာ လက်ရှိအလှဆင်ထားတဲ့ ရုပ်လုံးရုပ်ကြွတွေအားလုံးက 3D မီးလုံးလေးတွေနဲ့ လုပ်ထားတာများပါတယ်၊ အထွေအထူး အဆန်းတကြယ်တော့ မဟုတ်ပါဘူး၊ ရှေးဘုရင်ခေတ်ကတည်းက အစပြုတည်ရှိခဲ့တဲ့ စပ်ပန်းချီသဘောတရားရဲ့အခြေခံကိုယူပြီး ယနေ့ခေတ်ပေါ် LED အလှမီးများနဲ့ မွမ်းမံခြယ်သထားတာပါ၊ စပ်ပန်းချီပညာနဲ့ ပတ်သက်လို့ပြောရရင် ၁၉၈၀ပြည့်နှစ်မှာစာပေဗိမာန်စာမူဆုရခဲ့တဲ့ ဆင်ဖြူကျွန်း အောင်သိန်းရဲ့စပ်ပန်းချီစာအုပ်ကို ဖတ်ရှုတာနဲ့ အားလုံးသိနိုင်ပါတယ်၊ ဒါ့အပြင် ၁၉၉၀ ပြည့်နှစ်မှာ လူမှုအနုလက်ရာ မြန်မာ့စပ်ပန်းချီပညာစာအုပ်နဲ့ စာပေဗိမာန်စာမူဆုရခဲ့တဲ့ ညွှန့်ညွှန့်ရီ (အနုပညာ)ရေးသားခဲ့တဲ့ စာအုပ်မှာလည်း လေ့လာသိရှိနိုင်ပါတယ်၊ တကယ်တော့ ဒီစပ်ပန်းချီအနုပညာနဲ့ ရုပ်လုံးဖော်ထားလို့ ပြည်သူတွေစိတ်ကြည်နူးမှုရပြီး အပန်းပြေသလို အလှဓာတ်ပုံရိုက်တာကအစ အဆင်ပြေကြတာပါ"ဟု ရန်ကုန်မီးပွဲတော်တာဝန်ခံကိုကျော်လွင်က ပြောသည်။

ရန်ကုန်မြို့၌ ပြသလျက်ရှိသော မီးပွဲတော်၌ မြန်မာမှု အနုပညာဟန်ပန်များဖြစ်သော နွားလှည်းယာဉ်၊ လက်ရက်ကန်းစင်၊ ကဒေါင်းရုပ်၊ ခွပ်ဒေါင်းရုပ်၊မီးပုံးပျံ၊ ရေပန်းစသည်တို့ကို ရုပ်လုံးရုပ်ကြွများဖြင့် မူရင်းလက်ရာအတိုင်း မြင်တွေ့နေရသကဲ့သို့ ရုပ်ပုံအကောင်များကိုလည်း သဏ္ဌာန်နှင့် အရွယ်အစားအလိုက် ပုံဖော်ထားသည်ကို လေ့လာသိရှိရသည်။ တိရစ္ဆာန်ပြကွက်များအနေဖြင့်လည်း မြင်း၊ သစ်ကုလားအုတ်၊ ပင့်ကူ၊ ရေဘဝဲ၊ ဇီးကွက်၊ ဘဲငန်းမိသားစုတို့အပြင် လူနှင့်သက်ဆိုင်သော အသည်းပုံ၊ မြန်မာနိုင်ငံမြေပုံ၊ ကာတွန်းရုပ်ပုံ၊ နှင်းရုပ်ပုံများနှင့် သစ်ပင်များကို ခေတ်မီ LED မီးလုံးများဖြင့် 3D ရုပ်လုံးရုပ်ကြွများဖြစ်အောင် ပုံဖော်ပြသထားသည်ကို မြင်တွေ့ရသည်။

**ပညာရှင်မျိုးဆက်ပြတ်**

"ကျွန်တော်တို့နိုင်ငံမှာ အခုလို ရုပ်လုံးရုပ်ကြွချိုးတဲ့ အတတ်ပညာရှင် အတော်လေးရှားသွားတာကို တွေ့ရတယ်၊ အခုလို 3D ရုပ်လုံးရုပ်ကြွလေးတွေနဲ့ မီးအလှပြကွက်အရုပ်ကလေးတွေ ဖြစ်မြောက်လာအောင် ဗားကရာတစ်လျှောက် အနုပညာတန်းမှာ ကျွန်တော်လိုက်ရှာတဲ့အခါ လုပ်ပေးနိုင်တဲ့ အနုပညာရှင် မတွေ့ခဲ့ဘူး၊ ယနေ့ခေတ် အနုပညာရှင်တွေရှေးခေတ်ကလို မလုပ်နိုင်ကြတော့ဘူး၊ ပြောရရင် မျိုးဆက်ပြတ်သွားပြီ၊ ဒါတွေကို နိုင်ငံတော်အနေနဲ့ မျိုးဆက်ပြန်ဖော်ပေးဖို့လိုတယ်၊ ဒီလို မီးအလှပွဲတော်ဖြစ်မြောက်ဖို့ ပညာရှင်တစ်ယောက်စ၊ နှစ်ယောက်စနဲ့ တော်တော်ခက်ခက်ခဲခဲရှာကြံဖန်တီး လုပ်ခဲ့ရတယ်၊ တကယ်တော့ စပ်ပန်းချီနဲ့ပတ်သက်ပြီး မျိုးဆက်သစ်မွေးမြူဖို့ အတော်လေးကို လိုအပ်နေပါပြီ"ဟု ကိုကျော်လွင်က ပုံဖော်ထားသော မြန်မာ့အနုပညာစပ်ပန်းချီနှင့်ပတ်သက်၍ ထပ်မံရှင်းပြသသည်။



ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အတွင်း ပြသလျက်ရှိသော မီးပွဲတော်မှ ပြကွက်တစ်ခု။ ဓာတ်ပုံ-မင်းထက်

**မီးသီးပေါင်း သန်း ၁၀၀ ကျော်**

ရန်ကုန်မီးပွဲတော်မှာ ယခုအကြိမ်သည် ဒုတိယမြောက်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ တာဝန်ယူကျင်းပသော Hercules Groups မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၂၀၁၇ နိုဝင်ဘာ ၁၀ ရက်တွင် စတင်လျှောက်ထားခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ခွင့်ပြုမိန့်ရခဲ့ခြင်းဖြစ်ကာ ဒီဇင်ဘာ ၁ ရက်တွင် စတင်ပြသခဲ့ခြင်းဖြစ်သည်။ ယခု ဇန်နဝါရီလကုန်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများ၏ လိုလားတောင့်တမှုအရ ပွဲတော်ကာလကို ရက်ထပ်မံတိုးကာ ကျင်းပသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

တာဝန်ယူကျင်းပသော Hercules Groups အနေဖြင့် လက်ရှိမြေနေရာကို Natural World ကုမ္ပဏီထံမှ ငှားရမ်းကျင်းပခြင်းဖြစ်ပြီး မီးပွဲတော်ကျင်းပနေစဉ်ကာလအတွင်း မီတာခများကို သတ်မှတ်နှုန်းထားအတိုင်း Natural World ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းရကြောင်း သိရသည်။ ယခုမီးပွဲတော်၌ မီးပြကွက်ပေါင်း ၁၀၀ ကျော်ရှိပြီး LED မီးသီးပေါင်း သန်း ၁၀၀ ကျော် အသုံးပြုထားသော်လည်း မီးဆွဲအားမှာ သာမန်မီးလုံး၊ မီးချောင်းများထက် မီတာယူနစ်မှာ လျော့နည်းလျက်ရှိကြောင်း မီးပွဲတော်တာဝန်ခံမှ သိရသည်။

ယခုအခါ ရန်ကုန်မီးပွဲတော်ကြီးကို ပြည်သူ့ရင်ပြင်အတွင်းရှိ စုစုပေါင်း မြေဧကပေါ်၌ ပြသပေးနေသည့် မီးပွဲတော်ဖြစ်ပြီး ဝင်ကြေးအနေဖြင့် လူကြီးတစ်ဦး ကျပ် ၂၀၀၀၊ ကလေးတစ်ဦးကျပ် ၁၀၀၀ ကောက်ခံလျက်ရှိပြီး စတင်ဖွင့်လှစ်သော ဒီဇင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ ၄၅ ရက်အတွင်း ပြည်သူငါးသောင်းကျော် လာရောက်အားပေးကြည့်ရှုထားပြီးဖြစ်ကြောင်း၊ Hercules Groups အနေဖြင့် ယခုကဲ့သို့ မီးပွဲတော်များကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ကာ မော်လမြိုင်မြို့ Ocean Super Market အနီးရှိ သံလွင်ဥယျာဉ်၌လည်း ကျင်းပလျက်ရှိသကဲ့သို့ မန္တလေးမြို့တွင်လည်း ဒီဇင်ဘာ ၃၀ ရက်မှ စတင်၍ ပြသပေးလျက်ရှိကြောင်း သိရသည်။

သို့ဖြစ်၍ ခေတ်ကာလအလျောက် မီးပွဲတော်များကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ခင်းကျင်းပြသပေးလျက် ပြည်သူများအား မြန်မာမှု အနုပညာမြောက်လှသော ရှေးဟောင်းစပ်ပန်းချီပညာရပ်ဖြင့် ညို့ငင်ဖမ်းစားနေသော ရန်ကုန်မီးပွဲတော် သို့မဟုတ် ဆောင်းနှင်းပွဲတော်မှာ မြန်မာမှုအနုပညာဖြစ်သော စပ်ပန်းချီကို ဖော်ညွှန်းပြသလျက်ရှိပါကြောင်း။ ။

## သမဝါယမအသင်းများ လယ်ယာဝန်ဆောင်မှုတွင် ရင်းနှီးမြှုပ်နှံပါက စီးပွားရေးဖွံ့ဖြိုးမှု ဖော်ဆောင်နိုင်မည်

**တောင်ကြီး ဇန်နဝါရီ ၁၇**

လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများအနေဖြင့် တောင်သူများရင်ဆိုင်ကြုံတွေ့နေရသည့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံပါက တောင်သူလယ်သမားများအတွက်လည်း အကျိုးရှိကာ စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း လယ်ယာကဏ္ဍမှ ထိရောက်စွာ ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသည် တောင်သူများအတွက် လယ်ယာမြေများ ထွန်ယက်ပြုပြင်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိစေရန် မျိုးစေ့ထုတ်လုပ်ငန်းများအတွက် ငွေချေးပေးခြင်း၊ စိုက်ပျိုးစရိတ်များထုတ်ချေးခြင်း၊ သွင်းအားစုများ ဖြန့်ဖြူးရောင်းချပေးခြင်း၊ ရိတ်သိမ်းခြွေလှေ့ပေးခြင်းနှင့် လယ်ယာသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများကို အရစ်ကျရောင်းချပေးခြင်းများ ဆောင်ရွက်နေသည်။

"ကျွန်မတို့အနေနဲ့ တောင်သူတွေကို အတိုးနှုန်း တစ်ကျပ်ခွဲနဲ့ ပစ္စည်းတွေကိုရောင်းချပေးတယ်၊ နောက်ပြီးတော့ ချေးငွေတွေထုတ်ချေးပေးတယ်၊ တောင်သူတွေစက်ကိုတစ်လုံးတစ်ခဲတည်းပေးမဝယ်ရဘူး၊ နောက်ပြီးတော့ အတိုးနှုန်းသက်သက်သာသာနဲ့ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ စက်ပိုင်တွေလည်းဖြစ်သွားကြတယ်၊ သမဝါယမသည် အသင်းဝင်ဖြစ်တဲ့ တောင်သူတွေအတွက်ကိုတော့ ပိုပြီးတော့ အကျိုးရှိပါတယ်၊ ငွေကြေးအရင်းအနှီး နည်းပါးတဲ့တောင်သူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရတဲ့အတွက် ဝမ်းသာမိပါတယ်"ဟု ရှမ်းအရှေ့နှင့် တောင်ပိုင်း သမဝါယမအသင်းစုချုပ် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သန်းညိုက ပြောသည်။



ယခုအခါ ရှမ်းပြည်နယ်အတွင်း ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း ၂၂၅၈ သင်းမှ အသင်းသားဦးရေ ၂၅၃၀၈၂ ရှိကာ အသင်းသားတောင်သူများ၏ဘဝဖွံ့ဖြိုးရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ယင်းတို့အနက် သမဝါယမအသင်းများမှ အသေးစားအရင်းအနှီးချေးငွေများကို ကိုးကြိမ်ထုတ်ချေးပေးထားပြီး ပြည်နယ်အတွင်း မြို့နယ် ၃၈ မြို့နယ်ရှိ သမဝါယမအသင်း ၁၃၄၄ သင်းမှ တောင်သူ ၁၀၂၁၅၀ အတွက် ချေးငွေကျပ် ၁၉၆၅၇၉ ဒသမ ၆၁ သိန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက ပြောသည်။

လက်ရှိ အစိုးရလက်ထက်တွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများအား အရစ်ကျငွေချေးစနစ်ဖြင့် ပြည်နယ်အတွင်းရှိ သမဝါယမအသင်းပေါင်း ၃၀၂ သင်းမှ တောင်သူ ၈၁၅ ဦးအတွက် ငွေကျပ် ၂ ဒသမ ၄၆ ဘီလီယံတန်ဖိုးရှိ စက်ကိရိယာ ၈၂၁ စီးကိုရောင်းချပေးထားပြီးဖြစ်ကာ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၉၂၁၆ ဧကဖော်ဆောင်ထားပြီးဖြစ်ကြောင်း သိရသည်။ ထို့အတူ မျိုးစေ့ထုတ် သမဝါယမအသင်းသုံးသင်း ဖွဲ့စည်းပေးထားပြီး ဖယ်ခုံမြို့နယ်ရှိ အသင်းတစ်သင်းအတွက် ငွေကျပ် သိန်း ၉၀ ကို ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

## ရွှေ့ပြောင်းအလုပ်လုပ်မှုများကြောင့် လယ်ယာလုပ်သား ပိုမိုရှားပါးလာ

**ရေတာရှည် ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ ဒေသခံ လူငယ်အချို့မှာ မိမိတို့အရပ်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများရှိသော်လည်း အခြားသောအရပ်ဒေသများ၌ လုပ်ငန်းအဆင်ပြေစေရေးအတွက် ရွှေ့ပြောင်းထွက်ခွာ အလုပ်လုပ်နေမှုများကြောင့် မြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းခွင်များ၌ လုပ်သားရှားပါးမှု အခက်အခဲကိုတစ်နှစ် ထက်တစ်နှစ် ပို၍ကြုံတွေ့လာရကြောင်း သိရသည်။

ရေတာရှည်မြို့နယ်မှ လူငယ်အများစုအနေဖြင့် ကချင်ပြည်နယ် ဖားကန့်၊ မွန်ပြည်နယ် သံဖြူဇရပ်နှင့် ထိုင်းနိုင်ငံဘက်သို့ ရွှေ့ပြောင်းလုပ်သားများအဖြစ် အများဆုံးထွက်ခွာနေကြ၍ လက်ရှိလုပ်ကိုင်နေကြရသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ အမျိုးသားများထက် အမျိုးသမီးများကိုသာ ငှားရမ်းလုပ်ကိုင်နေကြရကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

"လယ်ယာသုံးစက်ကိရိယာတွေ ပေါလာတာတော့ မှန်ပါတယ်၊ ဒါပေမယ့် ကန်သင်းပေါက်တာ၊ စပါးကြဲတာ၊ ပေါင်းမြက်ရမ်းတာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးဖျန်းတဲ့အလုပ်တွေက လုပ်သားငှားရမ်းပြီးလုပ်ကြတာ၊ အခုနှစ်က မနှစ်ကထက် လုပ်သားငှားရတာ မလွယ်ဘူးဖြစ်နေတယ်၊ ရှိတဲ့သူတွေကလည်း ထမင်းကျွေး၊ တစ်နေ့လုပ်ခ ၅၀၀၀ ပေးတာတောင် မလုပ်ချင်ကြတော့ဘူး"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ စပါးစိုက်ပျိုးသည့် တောင်သူတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**



**ရန်ကုန်တိုင်းဒေသကြီး(တောင်ပိုင်းခရိုင်) ဒလမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား ရဲတပ်ဖွဲ့၏ မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးမှုများကို ဇန်နဝါရီ ပထမပတ်အတွင်းက ဗိုလ်ရန်ပြေရပ်ကွက် ဒလသင်္ဘောဆိပ်အပိုင်းတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ယာဉ်ပေါ်ရှိ ပညာပေးပြခန်းများကို ပြည်သူများအား ပြသစဉ်။** ကိုကိုရှုပ

## သတင်းတိုများ

### ဒဂုံမြို့သစ်မြောက်ပိုင်း မြို့ဦးစေတီ၌ ဆွမ်းဆန်စိမ်းလောင်းလှူ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့ဦးစေတီတော်၌ ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲအထိမ်းအမှတ်အဖြစ် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့ဦးစေတီရင်ပြင်၌ ဇန်နဝါရီ ၁၄ရက် စတင်ကျင်းပသည်။ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ပေါင်း ၂၇ ရပ်ကွက်မှ အလှူရှင်များက ငွေကျပ်သိန်းပေါင်း ၁၀၀ကျော်တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများလောင်းလှူခဲ့ကြခြင်းဖြစ်သည်။ ဘုရားပွဲတော်အား ဇန်နဝါရီ ၃ရက်မှ ၁၄ ရက် အထိကျင်းပခဲ့ကြောင်း သိရသည်။ **ခရမ်း-စိုးမြင့်**

### ခရမ်းမြို့နယ်၌ မြန်မာဆယ်မာအူးလ်အွန်ဒုန် စီမံကိန်းဖော်ဆောင်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထက်ခမကျေးရွာတွင် ဇန်နဝါရီလဒုတိယပတ်က မြန်မာ့ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း ကျေးရွာကွန်ကရစ်လမ်းနှင့်တံတားဖွင့်ပွဲကို ကျင်းပသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမင်း၊ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်ဦးလှတိုးနှင့် တံတားအလှူရှင်များ၊ တိုင်းဒေသကြီးနှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါကျေးရွာကွန်ကရစ်လမ်းသည် အရှည်ပေ ၂၂၆၀၊ အကျယ် ၁၀ ပေ ခြောက်လက်မနှင့် ချောင်းကူးကွန်ကရစ်တံတားမှာ အရှည်ပေ ၇၀နှင့် အကျယ် ၁၃ပေ၊ အမြင့် ၁၂ ပေ ရှိကြောင်း သိရသည်။ **မြန်မာ့အလင်း**

### သီပေါမြို့သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ကုသပေး

ရှမ်းပြည်နယ်မြောက်ပိုင်းသီပေါမြို့ မဟာမြတ်မုနိဘုရားအကျိုးဆောင်ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် အကြိမ် (၄၀) မြောက် မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမှုအား ဇန်နဝါရီ ၁၀ရက်မှ ၁၄ရက်အထိ သီတဂူစက္ခုဒါနဆေးရုံ၌ ကျင်းပခဲ့သည်။ မျက်စိဝေဒနာရှင်များအား ကျွမ်းကျင်ဝန်ထမ်းများ၊ ဝေယျာဝစ္စကုသိုလ်ရှင်များက ပဏာမစစ်ဆေးခြင်းများ ပြုလုပ်ပေးကြပြီး အငြိမ်းစားမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်အုန်းဟန်ဦးဆောင်သည့် ဆရာဝန်ကြီးများက မျက်စိဝေဒနာရှင် ၉၇၇ဦးအား ကုသပေးခဲ့ကြပြီး ခွဲစိတ်လူနာ ၂၁၃ ဦးတို့ကိုလည်း အောင်မြင်စွာခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

### လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုဆိုင်ရာများ သင်ကြားပြသ

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု နမ့်ကျန်ကျေးရွာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများအတွက် အထောက်အကူဖြစ်စေမည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်မှုသင်တန်းကို ဇန်နဝါရီလဒုတိယပတ်က အမှတ် (၅၆) စက်မှုလယ်ယာစခန်း၊ လားရှိုးမြို့၌ ဖွင့်လှစ်ခဲ့သည်။ တွဲဖက်ပြည်နယ်မှူး ဦးဇော်ဇော်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးသန်းကျော်ဌေးတို့က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား ၃၀ တို့ကို လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်၍ မောင်းနှင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို သင်ကြားပေးကြပြီး သင်တန်းကို ၁၂ ရက်ကြာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လားရှိုး/ကိုယ်ပွား**

### ဂုတ်တွင်းကားလမ်းပိတ်မှုဖြစ်စဉ် စေတနာရှင်များအား ဂုဏ်ပြု

